ကြေးမုံ
The Mirror

၁၃၇၄ ခုနှစ်၊ နယုန်လဆန်း ၁၁ ရက်၊ ကြာသပတေးနေ့၊ (31-5-2012)(၇၁၃၇)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

☆ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

☆ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဂျာမန်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးဆောင်သောအဖွဲ့အား လက်ခံတွေ့ဆုံ

မြန်မာနိုင်ငံ၏ ဒီမိုကရေစီနှင့် စီးပွားရေးပြုပြင်ပြောင်းလဲမှုများတွင် ပါဝင်ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

နေပြည်တော် မေ ၃၀

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဂျာမနီနိုင်ငံ ဂျာမန်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဒေါက်တာအော်တိုစွမ်လ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံဆွေးနွေးရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက မိမိတို့ မြန်မာနိုင်ငံ၌ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးများ ပြုလုပ်လျက်ရှိကြောင်း၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုများကိုလည်း ယှဉ်တွဲဆောင်ရွက်မှသာ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးသည် အောင်မြင်မည်ဖြစ်ကြောင်း၊ ဂျာမနီနိုင်ငံသည် ကမ္ဘာ့စီးပွားရေး ဦးဆောင်နိုင်ငံဖြစ်သကဲ့သို့ သိပ္ပံနှင့်နည်းပညာ ကောင်းမွန်သော နိုင်ငံဖြစ်ကြောင်း၊ ဤပြောင်းလဲမှုများတွင် ဂျာမနီနိုင်ငံအနေဖြင့် မှန်ကန်သင့်လျော်သော နည်းလမ်းများဖြင့် ပါဝင်ပူးပေါင်းဆောင်ရွက်စေလိုကြောင်းနှင့် နှစ်နိုင်ငံလွှတ်တော်များ နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်စေလိုကြောင်းဖြင့် ပြောကြားသည်။

ဂျာမန်လွှတ်တော် ဒုတိယဥက္ကဋ္ဌက ဂျာမနီနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးအား ကြိုဆိုဂုဏ်ပြုပါကြောင်းနှင့် စီးပွားရေးပြုပြင်ပြောင်းလဲမှုတွင်လည်း ပါဝင်ပူးပေါင်းဆောင်ရွက်လိုပါကြောင်း၊ ဂျာမနီနိုင်ငံရှိ စီးပွားရေးလုပ်ကိုင်သူများသည် အစိုးရမှ ပါဝင်မှုမရှိဘဲ သီးခြားလွတ်လပ်စွာ ဆောင်ရွက်နေသူများ ဖြစ်ကြောင်း၊ စီးပွားရေး လုပ်ကိုင်သူများအား အစိုးရက ကူညီပေးမှုများသာ ရှိပါကြောင်း၊ မြန်မာနိုင်ငံတွင် စီးပွားရေးရင်းနှီးမြှုပ်နှံမှုပြုရာ၌ ယုံကြည်စိတ်ချရ၍ လုံခြုံမှုရှိသော ရင်းနှီးမြှုပ်နှံမှု ဥပဒေများရှိရန် လိုကြောင်း၊ ရင်းနှီးမြှုပ်နှံဆောင်ရွက်လုပ်ကိုင်သူများအား မလိုလားအပ်သော ဝင်ရောက် စွက်ဖက်မှုများ မဖြစ်ပေါ်စေနိုင်သည့် ဥပဒေများရှိရန်လည်း လိုကြောင်း၊ ထိုဥပဒေများ၊ စည်းမျဉ်း စည်းကမ်းများ ရှိလာချိန်တွင် ဂျာမနီနိုင်ငံမှ စီးပွားရေးလုပ်ဆောင်လိုသူများသည် အလတ်စားနှင့် အသေးစား စီးပွားရေးလုပ်ငန်းများ၌ အဓိကထားရင်းနှီးမြှုပ်နှံ ဆောင်ရွက်ရန် ဆန္ဒရှိနေကြပါကြောင်း။

ဂျာမနီနိုင်ငံရှိ ဥပဒေများ၌ တရားဥပဒေစိုးမိုးရေး (Rule of Law)၊ ဈေးကွက်စီးပွားရေး (Market Economy)၊ လူ့အခွင့်အရေး (Human Right) တို့အား အလေးအနက်ထား ဆောင်ရွက်နိုင်ရေးအတွက် လွှတ်တော်များမှ ပြဋ္ဌာန်းပေးလေ့ရှိကြောင်း၊ ဒီမိုကရေစီဆိုသည်မှာ အမြဲထာဝရ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တစ်ရပ်ဟု ရှုမြင်သုံးသပ်ဆောင်ရွက်လျက်ရှိ၍ အချိန်အခါအလိုက် သင့်လျော်ကောင်းမွန်သော လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်နိုင်သည်ဟု ဆိုနိုင်ကြောင်း။

ပြည်သူများ၏ အခွင့်အာဏာများကို ပြည်သူ့ကိုယ်စားလှယ်များမှ လွှတ်တော်သို့ သယ်ဆောင်လာကာ လွှတ်တော်မှ အစိုးရအဖွဲ့ကို ရွေးချယ်တာဝန်ပေးပြီး ပြည်သူ့လိုလားချက်ဆန္ဒများကို အစိုးရအဖွဲ့မှ တာဝန်ယူဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ဒီမိုကရေစီလုပ်ငန်းစဉ် ရှင်သန်ထက်မြက်နေခြင်း ဖြစ်ကြောင်း။

မြန်မာနိုင်ငံ လွှတ်တော်များနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်မှုပြုပြီး မြန်မာနိုင်ငံနှင့် ဂျာမနီနိုင်ငံပြည်သူများ အကျိုးစီးပွားဖြစ်ထွန်းရေးအတွက် ဆောင်ရွက်သွားရန် အသင့်ရှိပါကြောင်းဖြင့် ပြောကြားရာ

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❒

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်း ဂျာမနီနိုင်ငံ ဂျာမန်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဒေါက်တာ အော်တိုစွမ်လ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ ပြည်သူ့လွှတ်တော် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။(သတင်းစဉ်)

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် ဗြိတိန်အပြည်ပြည်ဆိုင်ရာဖွံ့ ဖြိုးမှုဌာန ညွှန်ကြားရေးမှူးချုပ်တွေ့ဆုံ

မြန်မာ့နိုင်ငံရေးဖြစ်စဉ်များ ပိုမိုတိုးတက်ကောင်းမွန်လာစေရန် ကူညီဖြည့်ဆည်းဆောင်ရွက်ပေးရေး ဆွေးနွေး

နေပြည်တော် မေ ၃၀

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအား ဗြိတိန်အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးမှုဌာန ညွှန်ကြားရေးမှူးချုပ် Ms. Joy Hutcheon နှင့် အဖွဲ့သည် ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ကော်မတီဆောင် အမှတ်(၁) ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(ဝဲပုံ)**

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့်အတူ နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ ပြည်သူ့ငွေစာရင်းကော်မတီဥက္ကဋ္ဌ ဦးသူရိန်ဇော်နှင့် အတွင်းရေးမှူး ဦးမောင်တိုး၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များဖြစ်ကြသည့် ဒေါက်တာတိုက်စံ၊ ဦးသန်းထွန်းနှင့် ဦးမြသိန်းတို့ တက်ရောက်ကြသည်။

တွေ့ဆုံရာ၌ ပြောင်းလဲဖြစ်ပေါ်တိုးတက်နေသည့် မြန်မာ့နိုင်ငံရေးဖြစ်စဉ်များအပေါ် အနီးကပ်ဆုံး ချဉ်းကပ်၍ ပိုမိုတိုးတက်ကောင်းမွန်လာစေရန်အတွက် ဘက်စုံကဏ္ဍစုံမှ ကူညီဖြည့်ဆည်းဆောင်ရွက်ပေးရေး ကိစ္စရပ်များ၊ မြန်မာနှင့် ဗြိတိန်လွှတ်တော်နှစ်ရပ်အကြား အပြန်အလှန် ရင်းနှီးမှုပိုမိုရရှိလာစေရန် ပေါင်းကူးဆက်သွယ်ပံ့ပိုးဆောင်ရွက်ပေးသွားမည့် ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ (သတင်းစဉ်)

ကြေးမုံစာတည်းရှုထောင့် ၃၁-၅-၂၀၁၂[ကြာသပတေးနေ့]။

“ဟုတ်ကဲ့ပါ”

တစ်ခေတ်တစ်ခါက ဟာသပုံဝတ္ထုတိုကလေးတစ်ပုဒ်ကို ဤသို့ကြားခဲ့ဖူးပါသည်-

ပါတီ၏ဦးဆောင်မှုအခန်းကဏ္ဍမြင့်မားလှသော လက်ဝဲဝါဒီနိုင်ငံကြီး တစ်နိုင်ငံတွင်ဖြစ်သည်။ အောက်ခြေလုပ်ငန်းဌာန အဖွဲ့အစည်းအဆင့်ဆင့်တို့သည် အထက်မှလမ်းညွှန်ချက်တို့ကို တစ်သဝေမတိမ်းလိုက်နာလုပ်ဆောင်ကြရသည်။ ပြန်လှန်မေးခွန်းထုတ်ခြင်း၊ အတွန့်တက်၍ ဆင်ခြေပေးခြင်းတို့ပြုလုပ်ခွင့် လုံးဝမရှိ။ တစ်နည်းအားဖြင့် နားထောင်ခွင့်သာရှိပြီး ပြန်ပြောခွင့်မရှိ။ သို့ဖြင့် ယင်းဌာနများရှိ တယ်လီဖုန်းများတွင်လည်း နားထောင်ရန်ခွက်များသာပါရှိပြီး ပြန်ပြောရန်ခွက်များ မပါရှိ။ နောက်တော့ အတွေးအခေါ်များ တစ်ဆင့်တက်ကာ ခေတ်ပြောင်းသွားသည်။ ပါတီတွင်း ဒီမိုကရေစီ ကျင့်သုံးလာသည်။ တယ်လီဖုန်းများတွင်လည်း နားထောင်ခွက်ရော စကားပြောခွက်ပါ တပ်ဆင်ထားလာသည်။ အောက်မှအထက်သို့ သုံးခွန်းတိတိ ပြန်လှန်ပြောကြားခွင့်ကိုလည်းပေးလိုက်သည်။ ခွင့်ပြုလိုက်သည့်စကားသုံးခွန်းမှာ ‘ဟုတ်ကဲ့’‘ဟုတ်ကဲ့’ ‘ဟုတ်ကဲ့’ ဟူ၍ဖြစ်သည် ဟူ၏။

နေ့စဉ်သုံးမြန်မာစကားလုံးများတွင် ‘ဟုတ်ကဲ့’ ဟူသော စကားလုံးမှာ တော်တော်အရေးပါသည်။ သည့်ထက်ပို၍ အနူးအညွတ်ပြုသောအားဖြင့် ‘ဟုတ်ကဲ့ပါ’ ဟူ၍လည်း သုံးနှုန်းကြပါသေးသည်။ ယဉ်ကျေးဖွယ်ရာသော စကားလုံးဝေါဟာရတစ်ခုဖြစ်၍ ပြောသူရော နာသူသာမက ဘေးက ကြားရသူပါ နားဝင်ချိုစေသည်။

သို့စေကာမူ ‘ဟုတ်ကဲ့ပါ’ ဆိုတိုင်းလည်း မဟုတ်သည်များကို မကြာခဏကြုံတတ်ကြရသည်။ အထက်မှပြောဆိုညွှန်ကြားသမျှကို ‘ဟုတ်ကဲ့ပါ’ ပေါင်းများစွာဖြင့် အောက်ခြေက ယာယီဖြေရှင်းကြသည်။ လူကြီးအကြိုက် အခြေအနေမျိုးဖြစ်အောင် အထူးပြုလုပ်ချက်များဖြင့် ဖန်တီးမှုမျိုးများ တစ်ခေတ်တစ်ခါက ရှိခဲ့ဖူးသည်။ လူကြီးလာမည့်လမ်းများ ချောမွေ့ကောင်းမွန်နေသည်။ လူကြီးကြည့်မည့်သစ်ပင်များ စိမ်းလန်းကာ သီးပွင့်ဝေဆာနေမည်။ လူကြီးစစ်ဆေးမည့် စက်ရုံများမှာလည်း စွမ်းအားပြည့်လည်ပတ်ကာ အလုပ်သမားများက ခွန်အားအပြည့်ဖြင့် လုပ်ငန်းခွင်ဝင်နေကြမည်။ လူကြီး၏အမြင်တွင် အားလုံးကောင်းပါသည်ဟု ထင်မြင်စေခဲ့သော်လည်း စင်စစ်အားဖြင့် ယာယီဖန်တီးထားသော လှည့်ဖြားမှုများသာဖြစ်သည်ဟု ဆိုရမည်။ ဤနေရာတွင် သတိပြုရမည်မှာ အချို့သောလိမ်လည်လှည့်ဖြားမှုများသည် ဗဟိုဦးစီးကွပ်ကဲမှု တင်းကျပ်လွန်းရာမှဖြစ်ပေါ်လာရသော ဘေးထွက်ဆိုးကျိုးများဖြစ်သည်ဟူသော အချက်ပင်ဖြစ်သည်။

အဖွဲ့အစည်းတစ်ခု၊ ဌာနတစ်ခု၏ လူကြီး (သို့မဟုတ်) အကြီးအကဲ (သို့မဟုတ်) ခေါင်းဆောင်တစ်ဦး ဆန်းစစ်အကဲဖြတ်ရမည့် အချက်အလက်အချို့ကို **ခေါင်းဆောင်များအတွက် မိမိကိုယ်မိမိ စီမံခန့်ခွဲမှု** အမည်ရှိ ကျမ်းစာအုပ်ငယ်မှ ကောက်နုတ်ဖော်ပြလိုသည်။ ရေးသားသူမှာ ဗိုလ်ချုပ်အောင်ကြည်ဖြစ်သည်-

ဘယ်သူက သတင်းပေးမှာလဲ။ ။ အနီးကပ်နေသူများသည် ကပ်ပါးရပ်ပါး သမားများ မဖြစ်စေရပါ။ ကောင်းသတင်းရော ဆိုးသတင်းပါ သတင်းပို့ရဲလောက်အောင် ရိုးသားဖြောင့်မတ်မှုရှိရပါမည်။ သူတို့၏ယူဆချက်များကို တင်ပြရန် လိုလိုလားလားရှိသူများဖြစ်ရမည်။ အမှန်ပြောမည့်အသံအားနည်းနေပြီဆိုလျှင် ခေါင်းဆောင်သည် အခြားတစ်ယောက်ယောက်ကို တာဝန်ပေး၍ စောင့်ကြည့်သတင်းပို့စေရပါမည်။

အများက ဘယ်လိုသဘောထားကြသလဲ။ ။ ခေါင်းဆောင်ကို ကြောက်နေသလား၊ မယုံမကြည်ဖြစ်နေသလား၊ နှစ်သက်သဘောကျကြသလား၊ လေးစားကြသလား၊ စကားပြောသောအခါ သက်သောင့်သက်သာရှိရဲ့လား၊ လွတ်လွတ်လပ်လပ်ရှိရဲ့လား၊ ခေါင်းဆောင်က ပေါက်ကွဲအောင် လုပ်မည် သို့မဟုတ် မှားယွင်းသောချိန်ဆမှုတစ်ခုခု လုပ်တော့မည်ကို ကြောက်၍ သတင်းအချက်အလက်အချို့ကို ထိမ်ချန်ထားသလား၊ လူတွေက ခေါင်းဆောင်ကို မြင်သောအမြင်သည် အရေးကြီးပါသည်။

အထက်ပါအချက်များသည် အပြည့်အစုံမဟုတ်။ ခေါင်းဆောင်သူသည် ‘ဟုတ်ကဲ့ပါ’ ဟူသော နာခံမှုအပြည့်ပါသည့် နားဝင်ပီယံတုံ့ပြန်မှုကိုရော မိမိကိုယ်တိုင်ကိုပါ မှန်ကန်စွာ ဆန်းစစ်အကဲဖြတ်နိုင်စွမ်းရှိအောင် သတိပြုသာရုံ ကောက်နုတ်ဖော်ပြထားခြင်းဖြစ်ပါသည်။ အားနည်းချက်တစ်ခုခု သို့မဟုတ် ပြဿနာတစ်ရပ်ရပ်ကို ဖုံးကွယ်မထားဘဲ အောက်မှအထက်သို့ မှန်မှန်ကန်ကန်၊ ရဲရဲဝံ့ဝံ့တင်ပြခြင်း၊ အထက်အဖွဲ့အစည်း သို့မဟုတ် ခေါင်းဆောင်ကလည်း အောက်ခြေမှတင်ပြလာသည်များကို မှန်ကန်စွာ သုံးသပ်လမ်းညွှန်ပြုပြင်စေခြင်းဖြင့်သာ ကောင်းမွန်သောရလဒ်များ ရရှိနိုင်မည်ဖြစ်သည်။

အခြေအနေမှန်ကို တင်ပြခြင်းသည် ‘ဟုတ်ကဲ့ပါ’ဟူသော စကား ဝစနကလေးကဲ့သို့ နားဝင်ပီယံ ဖြစ်ကောင်းမှဖြစ်ပေလိမ့်မည်။ ။

ရေဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်အား ထိုင်းနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့မှ ဧည့်သည်အဖွဲ့များတွေ့ဆုံ

နေပြည်တော် မေ ၃၀

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်သည် မေ ၂၉ ရက် နံနက် ၉ နာရီ ၁၅ မိနစ်တွင် တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ ထိုင်းနိုင်ငံ Empire Asia Energy Group မှ Founder and Senior Partner Mr. Pairoj Piempongsant ဦးဆောင်သောအဖွဲ့အား လက်ခံတွေ့ဆုံပြီး ဧရာဝတီတိုင်းဒေသကြီးအတွင်း ဆောင်ရွက်နေသော ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ထို့အတူ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်သည် နံနက် ၁၀ နာရီခွဲတွင် စင်ကာပူနိုင်ငံ IKL Gmbh ၏ အာရှဌာနေကိုယ်စားလှယ် Mr.G. Bernard Huybens ဦးဆောင်သောအဖွဲ့အား လက်ခံတွေ့ဆုံပြီး ဧရာဝတီတိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ထိုသို့တွေ့ဆုံရာတွင် တိုင်းဒေသကြီး စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးလှခိုင်နှင့် လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးစောမြသိန်းတို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်အား ထိုင်းနိုင်ငံ Empire Asia Energy Group မှ Founder and Senior Partner Mr. Pairoj Piempongsant ဦးဆောင်သောအဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

အာဆီယံအစားအသောက်နှင့် အဖျော်ယမကာပြပွဲ ၂၀၁၂ ဂျပန်နိုင်ငံ တိုကျိုမြို့၌ ကျင်းပမည်

နေပြည်တော် မေ ၃၀

အာဆီယံ-ဂျပန်စင်တာ (ASEAN - Japan Centre-AJC)က ကြီးမှူး၍ (ASEAN Food & Beverage 2012) ပြပွဲကို အောက်တိုဘာ ၁၆ ရက်မှ ၁၈ ရက်အထိ ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ အာဆီယံ-ဂျပန်ခန်းမတွင် ကျင်းပမည်ဖြစ်ရာ အာဆီယံအဖွဲ့ဝင် တစ်နိုင်ငံမှ ကုမ္ပဏီသုံးခုစီဖြင့် စုစုပေါင်း ကုမ္ပဏီ ၃၀ ကို ရွေးချယ်ဖိတ်ကြားမည်ဖြစ်သည်။ အာဆီယံနိုင်ငံများ၏ စားသောက်ကုန်ပစ္စည်းများကို ဂျပန်ဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်နိုင်စေရန်နှင့် ကုန်သွယ်မှုပမာဏတိုးမြှင့်စေရန် ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်သည်။

ပြသမည့်ကုန်ပစ္စည်းများမှာ တန်ဖိုးမြှင့်နှင့် တစ်ဝက်တစ်ပြက်ပြုပြင်ထားသော စားသောက်ကုန်များနှင့် စည်သွတ်ဘူးများ၊ အချိုရည်များ၊ ဟင်းခတ်အမွှေးအကြိုင်များ၊ ပင်လယ်စာများနှင့် အေးခဲ၊ အခြောက်ခံ၍ စည်သွတ်ထားသည့် အချိုပွဲများ၊ သစ်သီးဝလံများ၊ သစ်သီးဖျော်ရည်များနှင့် စည်သွတ်ဘူးများ ဖြစ်သည်။ စိတ်ဝင်စားသည့် မြန်မာကုမ္ပဏီများအနေဖြင့် ဇွန် ၂၀ ရက်မတိုင်မီ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ပြပွဲဌာနနှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာကုန်သွယ်မှု မြှင့်တင်ရေးဌာနခွဲ ကုန်စည်ပြပွဲဌာနစိတ် ဖုန်း-၀၆၇-၄၀၈၄၁၁ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်သည်။

အဆိုပါ အဆိုပြုကုမ္ပဏီများအနက် သတ်မှတ်စည်းကမ်းချက်များဖြစ်သည့် ကုန်ပစ္စည်းအရည်အသွေး၊ ထုတ်လုပ်နိုင်မှု၊ ဂျပန်ဈေးကွက်အကြိုက် ထုတ်လုပ်နိုင်ခြင်းရှိ၊ မရှိ စသည်တို့ကို အကဲဖြတ်စစ်ဆေး၍ ကုမ္ပဏီသုံးခုကို ရွေးချယ်မည်ဖြစ်သည်။ ရွေးချယ်ခံရသည့် ကုမ္ပဏီတစ်ခုစီမှ တစ်ဦးစီအတွက် အသွားအပြန် လေယာဉ်စရိတ်၊ တည်းခိုနေထိုင်စရိတ်များကို AJC မှ ကျခံပေးမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၃၀ - ၅ -၂၀၁၂

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
မြန်မာ(ကျပ်)	၈၄၁. ၀၀၀	၀. ၀၀၁၂၀
ထိုင်း (ဘတ်)	၃၁. ၈၅၅၅	၀. ၀၃၁၃၉
တရုတ် (ယွမ်)	၆. ၃၄၅၀၅	၀. ၁၅၇၆၀
အိန္ဒိယ (ရူပီး)	၅၆. ၂၃၂၅	၀. ၀၁၇၇၈
မလေးရှား (ရင်းဂစ်)	၃. ၁၆၄၅၂	၀. ၃၁၆၀၀
စင်ကာပူ (ဒေါ်လာ)	၁. ၂၈၁၈၅	၀. ၇၈၀၁၂
ဂျပန် (ယန်း)	၇၉. ၀၄၅၆	၀. ၀၁၂၆၅
တောင်ကိုရီးယား(ဝမ်)	၁၁၇၆. ၅၂	၀. ၀၀၀၈၅
ယူရို	၀. ၈၀၃၈၇	၁. ၂၄၃၉၈
ဗြိတိသျှ (ပေါင်)	၀. ၆၄၁၅၃	၁. ၅၅၈၇၇

အင်တာနက်။

ကျေးလက်နေ ပြည်သူများအတွက် အခမဲ့ဆေးဝါးကုသမှုပေး

ရန်ကုန် မေ ၃၀

မြန်မာစီးပွားစီမံအမှုဆောင်များအသင်း ဥက္ကဋ္ဌ ဦးမြင့်မောင်ထွန်း၊ အနန္တမြန်မာ့မေတ္တာဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးသိန်းထွန်းနှင့် ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်သက်သက်ခိုင် (ရွှေနန်းတော်/စိန်နန်းတော်)တို့ ဦးဆောင်သော ကျေးလက်ပြည်သူများ အခမဲ့ဆေးဝါးကုသရေးအဖွဲ့သည် မေ ၂၈ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် တော်ပုလဲကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ အခမဲ့ဆေးဝါးကုသရေးစခန်းဖွင့်လှစ်၍ ဆရာဝန်ခုနစ်ဦးတို့က ကွမ်းခြံကုန်းမြို့နယ် အင်ကလုံး၊ တော်ခရမ်း၊ ပေကုန်း၊ မြို့မ၊ တော်ပုလဲ၊ စံပြ၊ ညောင်ငူ၊ ဒေးဒနော၊ ကံကြီးမကြီး၊ တောင်ဘက်ပိုင်း၊ သမပိုင်းနှင့် ကမာပါ ကျေးရွာ ၁၂ ရွာမှ ကျေးလက်နေပြည်သူ ၂၉၃ ဦးတို့အား အခမဲ့ဆေးဝါးကုသပေးခဲ့သည်။

အလားတူ ဧပြီ ၂၉ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ် လေးအိမ်တန်းကျေးရွာ အထက်တန်းကျောင်း၌ အခမဲ့ဆေးဝါးကုသရေးစခန်းဖွင့်လှစ်၍ ကျေးရွာအုပ်စု ငါးအုပ်စုမှ ဇလပ်ကုန်း၊ ခနဲ့ကုန်း၊ မရမ်းဝ၊ နေရောင်ကာ၊ ရွှေတောင်စု၊ ကျုံဖဲ၊ ကျောင်းစု၊ ဇီးဖြူချောင်၊ လေးအိမ်တန်း၊ စိန်လေးကုန်း၊ ကွန်ဒိုင်း၊ ကျွဲသလင်းကုန်း၊ တံတားချောင်းနှင့် ကွင်းဘုန်းစသည့် ကျေးရွာ ၁၄ ရွာမှ ကျေးလက်နေပြည်သူ ၄၇၅ ဦးနှင့် လေးအိမ်တန်းကျေးရွာ အထက်တန်းကျောင်း အခမဲ့ဆေးဝါးကုသရေးစခန်း၌ မြန်မာစီးပွားစီမံအမှုဆောင်များအသင်းမှ ဒေါ်သက်သက်ခိုင်နှင့် ဆရာဝန် ၁၂ ဦးတို့က အခမဲ့ဆေးဝါးကုသပေးခဲ့ကြသည်။

အခမဲ့ဆေးဝါးကုသရေးလုပ်ငန်းတွင် နယ်မြေခံ ကျန်းမာရေးဝန်ထမ်းများ၊ ခရစ်ယာန်နှစ်ခြင်းအသင်းဝင်များ၊ အုပ်ချုပ်ရေးမှူးများ၊ ဆရာ ဆရာမများနှင့် ကျေးရွာသူ ကျေးရွာသားများက တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၃၁-၅-၂၀၁၂ (ကြာသပတေးနေ့)

၇း၀၅ တရားတော်
၈း၁၅ ဇာတ်လမ်းတို
၄း၄၀ မွေးမြူသုတ
၅း၀၀ သာယာသီကြွေးခေတ်ဆန်းတေး
၅း၁၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
-အမေ့အပြုံး (အပိုင်း-၈)
၆း၃၀ ထူးဆန်းထွေလာမျက်လှည့်ပညာ
၆း၄၅ ကာတွန်းအစီအစဉ်
-အာကာသသူရဲကောင်းလေးများ (အပိုင်း-၃)
၇း၀၀ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း**
-ကြယ်စင်နိမိတ်နှင့်သက်ကယ်ဓား (အပိုင်း-၄)
၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
-အနုပညာရှင်၏တစ်နေ့တာ
-ကုန်သွယ်သုတ
-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း “နေမင်းကဲ့သို့ထွန်းလင်းသော” (အပိုင်း-၃)
-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း “သမုဒယနှောင်ကြိုး” (အပိုင်း-၃၃)

စာအုပ်နှင့် စာရေးကိရိယာလှူဒါန်း

ရန်ကုန် မေ ၃၀

၂၀၁၂-၂၀၁၃ ပညာသင်နှစ်အတွက် ကျောင်းအပ်နှံရေးသီတင်းပတ်အဖြစ် ကျောင်းတက်ရောက်နိုင်ရေးအတွက် အခြေခံကျောင်းများမဖွင့်မီ ကျောင်းအပ်နှံရေးရက်ကို သတ်မှတ်ဆောင်ရွက်ခဲ့ရာ အင်းစိန်မြို့နယ်အတွင်းရှိ အခြေခံပညာ မူလတန်းကျောင်းအသီးသီးတွင် ကျောင်းနေအရွယ် ကလေးများအား ကျောင်းအပ်လက်ခံခြင်းနှင့် ကျောင်းသုံးစာအုပ်များနှင့် ဗလာစာအုပ်များ အခမဲ့ပေးအပ်ခြင်းများ ဆောင်ရွက်ခဲ့သည်။

ယင်းတို့အနက် အင်းစိန်မြို့နယ် အလက (၁၀)တွင် ကျောင်းနေအရွယ် ကလေးငယ်တစ်ဦးအား ကျောင်းအကျိုးတော်ဆောင်နာယက၊ မြို့နယ်စာရေးဆရာအသင်း ဒုတိယဥက္ကဋ္ဌ ဦးဘိုကြည် (ဒေါက်တာဗိုလ်သံမဏိ- တောင်တွင်းကြီး)က ကျောင်းသုံးဗလာစာအုပ်များ လှူဒါန်းခဲ့ကြောင်း သိရသည်။ (၆၈၄)

ရေနံချောင်းမြို့ နွေရာသီ ဂျပန်၊ တရုတ်စကားပြောသင်တန်းဆင်း

နေပြည်တော် မေ ၃၀

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့ ညောင်လှရပ်ကွက် အားမာန်စာကြည့်တိုက် ကြီးကြပ်မှုကော်မတီက ကြီးမှူးဖွင့်လှစ်သော နွေရာသီ ဂျပန်၊ တရုတ်စကားပြော သင်တန်းဆင်းပွဲနှင့် စာအုပ်စာစောင်၊ အလှူငွေပေးအပ်ပွဲကို မေ ၂၆ ရက် နံနက် ၉ နာရီတွင် အားမာန်စာကြည့်တိုက်ခန်းမ၌ ကျင်းပရာ မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ဝင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်စန်းမြင့်၊ မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးတင်မောင် (ကိုကြီးအောင်ချမ်းသာ)နှင့် အားမာန်စာကြည့်တိုက် ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးအောင်မင်းတို့က အမှာစကား ပြောကြားကြသည်။

ထို့နောက် စင်ကာပူနိုင်ငံရောက် စေတနာရှင်လူငယ်များက စာကြည့်တိုက်အတွက် ငွေကျပ် ၁၆၀၀၀၀ နှင့် အလှူရှင်များက သုတရသစာအုပ်စာစောင် ၁၅၀ ကို ပေးအပ်လှူဒါန်းကြသည်။

အဆိုပါ စာကြည့်တိုက်၌ ဂျပန်၊ တရုတ် အခြေခံစကားပြောသင်တန်းကို ဧပြီ ၂၅ ရက်မှစတင်၍ တစ်လကြာ ဖွင့်လှစ်ခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှု ကော်မတီ ဥက္ကဋ္ဌ ဦး သိန်း ဇော် မန္တလေးတိုင်းဒေသကြီးမှ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသား ကိုယ်စားလှယ်များ တွေ့ဆုံပွဲတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီနှင့် အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာကော်မတီ(၂)ရပ် ပူးပေါင်း၍ မန္တလေးတိုင်းဒေသကြီးမှ အစိုးရအဖွဲ့ဝင်များနှင့် မန္တလေးတိုင်းဒေသကြီးမှ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားကိုယ်စားလှယ်များနှင့် မန္တလေးမြို့၌ တွေ့ဆုံ

နေပြည်တော် မေ ၃၀

ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်မှုကော်မတီနှင့် အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာကော်မတီ(၂)ရပ် ပူးပေါင်း၍ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ တွေ့ဆုံပွဲကို မေ ၂၉ ရက် နံနက် ၈ နာရီတွင် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်၊ ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်နှင့် ကော်မတီဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်က နှုတ်ခွန်းဆက်စကား ပြောကြားပြီး မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး ဦးအုန်းလွင်က တိုင်းဒေသကြီးအတွင်း လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ လိုအပ်သည်များကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်က ဖြည့်စွက် ရှင်းလင်း ပြောကြားသည်။ ထို့နောက် ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်မှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်က နိဂုံးချုပ်အမှာစကားပြောကြားသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီးမှ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားကိုယ်စားလှယ်များ တွေ့ဆုံပွဲကို မေ ၂၉ ရက် နံနက် ၉ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်မှုကော်မတီ ဥက္ကဋ္ဌ ဦးသိန်းဇော်နှင့် ကော်မတီဝင်များ၊ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမောင်၊ ဒုတိယဥက္ကဋ္ဌ ဦးအောင်ဌေးကျော်၊ တိုင်းဒေသကြီး ရှမ်းတိုင်းရင်းသားရေးရာဝန်ကြီး ဦးစိုင်းမောင်လှ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့အသီးသီးမှ ကိုယ်စားလှယ်များနှင့် မြို့မိမြို့ဖများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်မှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်က အဖွင့်အမှာစကား ပြောကြားခဲ့ပြီး တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးဝင်းမောင်က ဆွေးနွေးတင်ပြသည်။ ဆက်လက်၍ အခမ်းအနား တက်ရောက်လာကြသော တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသား ကိုယ်စားလှယ်များ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီဝင်များ၊ နိုင်ငံရေးပါတီများ၊ မြို့မိမြို့ဖများနှင့် လူမှုရေးအဖွဲ့အစည်းများက အသီးသီး ဆွေးနွေးတင်ပြခဲ့ကြရာ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များနှင့် ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှု ကော်မတီဝင်များက ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်မှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်က နိဂုံးချုပ်အမှာစကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံဆိုင်ရာ အီရန်သံအမတ်ကြီးအဖြစ် မစ္စတာ ဟိုစိန် ကာမာလီယံအား ခန့်အပ်ရန်သဘောတူညီ

နေပြည်တော် မေ ၃၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ၏ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော သံအမတ်ကြီးအဖြစ် မစ္စတာ ဟိုစိန် ကာမာလီယံအား ခန့်အပ်ရန် အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ အစိုးရ၏ အဆိုပြုချက်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူပြီးဖြစ်သည်။

မစ္စတာ ဟိုစိန် ကာမာလီယံသည် ၁၉၅၆ ခုနှစ် စက်တင်ဘာ ၅ ရက်တွင် မွေးဖွားခဲ့ပြီး အပြည်ပြည်ဆိုင်ရာ ဆက်ဆံရေးဘာသာရပ်ဖြင့် မဟာဝိဇ္ဇာဘွဲ့ ရရှိခဲ့သည်။

မစ္စတာ ဟိုစိန် ကာမာလီယံသည် ၁၉၇၉ ခုနှစ်တွင် အီရန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ဝင်ရောက်တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၈၉ ခုနှစ်တွင် ပြင်သစ်နိုင်ငံဆိုင်ရာ အီရန်သံရုံးတွင် ဒုတိယအကြီးအကဲအဖြစ် လည်းကောင်း၊ ၁၉၉၃ ခုနှစ်တွင် အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံတကာလူမှုရေးရာ ပူးပေါင်းဆောင်ရွက်ရေးဌာန၏ ဌာနအကြီးအကဲအဖြစ် လည်းကောင်း၊ ၂၀၀၃ ခုနှစ်တွင် ယီမင်နိုင်ငံဆိုင်ရာ အီရန်သံအမတ်ကြီးအဖြစ် လည်းကောင်း၊ ၂၀၀၇ ခုနှစ်တွင် အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန ပါရှန်ပင်လယ်ကွေ့ဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်အဖြစ် လည်းကောင်း၊ ၂၀၁၁ ခုနှစ်မှစတင်ကာ အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန ပါရှန်ပင်လယ်ကွေ့ဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့ကာ လက်ရှိတွင် ပါရှန်ပင်လယ်ကွေ့ဌာန အကြီးအကဲအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

မစ္စတာ ဟိုစိန် ကာမာလီယံသည် ဗန်ကောက်မြို့တွင် ရုံးစိုက်ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ၏ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော သံအမတ်ကြီးအဖြစ် ပူးတွဲတာဝန် ထမ်းဆောင်မည်ဖြစ်သည်။ (သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးလှမြင့် လုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၃၀

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်သည် ယနေ့မွန်းလွဲပိုင်းတွင် သဃ်န်းကျွန်းမြို့နယ် သံသုမာလမ်းဘေးရှိ ရေနုတ်မြောင်း၊ ရေနံ့သာချောင်း ရေနုတ်မြောင်းနှင့် တောင်ဥက္ကလာပမြို့နယ် ဝေဇယန္တာလမ်းဘေးရှိ ရေနုတ်မြောင်းများ ရေစီးရေလာ ကောင်းမွန်စေရန် တူးဖော်နေမှု၊ အုတ်ရေနုတ်မြောင်း ပြုလုပ်နေမှုနှင့် အမှိုက်သရိုက်နှင့် နုန်းများ သယ်ယူ ရှင်းလင်းနေမှု၊ တောင်ဥက္ကလာပမြို့နယ်နှင့် ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်တို့ကို ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ငမိုးရိပ်တံတား(ပါရမီ) တည်ဆောက်ရေးလုပ်ငန်းခွင်နှင့် ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်ရှိ လေးလမ်းသွား ဗိုလ်မှူးဗထူးလမ်းအား ကျောက်ချောကတ္တရာလမ်းခင်းကျင်းနေမှုနှင့် လမ်းဘေးရေနုတ်မြောင်း တိုးချဲ့ဆောင်ရွက်နေမှု၊ မြောက်ဥက္ကလာပမြို့နယ် သုဓမ္မာလမ်းနှင့် ခေမာသီလမ်းဆုံတို့၌ လမ်းသားတိုးချဲ့နေမှု၊ သုဓမ္မာလမ်း၌ အပိုင်းလိုက် ကွန်ကရစ်လမ်းချောခင်းနေမှု၊ မင်္ဂလာဒုံမြို့နယ်ရှိ လေးလမ်းသွား ခရေပင်လမ်းအား ခြောက်လမ်းသွားတိုးချဲ့ခင်းရန် စီမံဆောင်ရွက်ထားရှိမှု၊ အင်းစိန်မြို့နယ် ဒညင်းကုန်းလမ်းဆုံ၌ လမ်းသားတိုးချဲ့မှုနှင့် လမ်းလယ်ကျွန်းများ ပြုလုပ်ထားရှိမှု၊ အင်းစိန်မြို့နယ် ပြည်လမ်း ဝဲ၊ ယာရှိ ရေနုတ်မြောင်းများ ရေစီးရေလာ ကောင်းမွန်စေရန်နှင့် အုတ်ရေမြောင်းများ ပြုလုပ်နေမှု၊ မရမ်းကုန်းမြို့နယ် အောင်သိဒ္ဓိလမ်းရှိ အောင်သိဒ္ဓိချောင်း ရေနုတ်မြောင်းနှင့် ကျိုက်ဝိုင်းဘုရားလမ်းရှိ ရေနုတ်မြောင်း တိုးချဲ့တူးဖော်ဆောင်ရွက်နေမှု၊ အလုံမြို့နယ် ကမ်းနားလမ်းရှိ ကုန်သေတ္တာတင်ယာဉ်ရပ်နားစခန်း ပြုလုပ်ဆောင်ရွက်ထားရှိမှုနှင့် ဟာဘိချောင်း၌ အမှိုက်သရိုက်နှင့် နုန်းများ ဆယ်ယူ ရှင်းလင်းနေမှု၊ လသာမြို့နယ် ကမ်းနားလမ်းနှင့် ဘုန်းကြီးလမ်းထောင့်၌ ကွန်ကရစ်လူသွားစင်္ကြံ ပြုလုပ်နေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်ဝန် ဦးလှမြင့် ငမိုးရိပ်တံတား (ပါရမီ) အချောသတ်တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (မြို့တော်စည်ပင်)

ဖြေလျှော့နည်းများဖြင့် ပိုင်ရှင်ဦးစားပေး နှစ်လဲသက်တမ်းတိုးယာဉ် စစ်ဆေးဆောင်ရွက်

မန္တလေး မေ ၃၀

ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန မန္တလေးတိုင်းဒေသကြီးနှင့် လက်အောက်ခရိုင်ရုံးများတွင် မော်တော်ယာဉ်ပိုင်ရှင်များ ကိုယ်တိုင်ယာဉ်သက်တမ်းတိုးလာရောက်ဆောင်ရွက်ရာတွင် လွယ်ကူချောမွေ့စေရေးနှင့် မြန်ဆန်စေရေးအတွက် နားနေဆောင်များထားရှိပေးခြင်း၊ လျင်မြန်စွာ ပြီးစီးစေရေး ဦးစားပေးဆောင်ရွက်ပေးခြင်းများ လုပ်ဆောင်ပေးလျက်ရှိသည်။ သို့ရာတွင် ယာဉ်ပိုင်ရှင်များသည် အကြောင်းအမျိုးမျိုးကြောင့် ကိုယ်တိုင်လာရောက်ခြင်းမရှိဘဲ ကိုယ်စားလှယ်များ စေလွှတ်ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရသည်။

ကိုယ်စားလှယ်များသည် ရုံးသို့ ပုံမှန်ပေးသွင်းရမည့် သတ်မှတ်ငွေကြေးအပြင် ၎င်းတို့က သက်ဆိုင်ရာ ဌာနစိတ်များတွင် ငွေပိုမိုပေးရကြောင်း ယာဉ်ပိုင်ရှင်များထံ လိမ်ညာပြောကြားပြီး ဝန်ဆောင်မှုအတွက် ငွေကြေးပိုမိုတောင်းခံခြင်းများ တွေ့ရှိရသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန မန္တလေးတိုင်းဒေသကြီးနှင့် ခရိုင်ရုံးများတွင် ပိုင်ရှင် ဦးစားပေးဖြေလျှော့နည်းများဖြင့် နှစ်လဲသက်တမ်းတိုး၊ နယ်ဝင်ယာဉ် စစ်ဆေးဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။**(ဝဲပုံ)**

ကိုကို(မန္တလေး)

အနုပညာတက္ကသိုလ်(ရန်ကုန်)ဂီတပညာဌာနမှ နည်းပြ ပါရဂူ(ဂီတ)သင်တန်းတက်ရန် ဂျပန်နိုင်ငံသို့ ထွက်ခွာ

ရန်ကုန် မေ ၃၀

ယဉ်ကျေးမှုဝန်ကြီးဌာန အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) ဂီတပညာဌာနမှ နည်းပြ ဒေါ်စုဇာဇာဌေးရီသည် ဂျပန်နိုင်ငံ တိုကျိုအမျိုးသားအနုပညာတက္ကသိုလ်၌ သုံးနှစ်ကြာ ဖွင့်လှစ်မည့် ပါရဂူ(ဂီတ)သင်တန်းသို့ ဆက်လက်တက်ရောက်ရန်အတွက် မေ ၂၉ ရက် ညပိုင်းတွင် လေကြောင်းခရီးဖြင့် ဂျပန်နိုင်ငံသို့ ထွက်ခွာသွားရာ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ် ဦးကျော်ဦးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရဲရွာနှင့် ပေါင်းလောင်းဓာတ်အားပေးစက်ရုံများ ရေလျော့နည်း၍ အလှည့်ကျစနစ် ဓာတ်အားဖြန့်

မန္တလေး မေ ၃၀

ရဲရွာနှင့် ပေါင်းလောင်းရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံများ၏ တာတမံရေလက်ကျန်မှာ အလွန်အမင်းကျဆင်းလျော့နည်းလာပြီဖြစ်၍ ဓာတ်အားပေးစက်များ စွမ်းအားပြည့်မလည်ပတ်နိုင်သဖြင့် ဓာတ်အားထုတ်လုပ်မှု ကျဆင်းလျက်ရှိသည်။ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့ကြီးများ၊ ခရိုင်မြို့များ၊ မြို့နယ်များ၊ စက်မှုဇုန်များအား နေ့စဉ်အုပ်စုသုံးစုခွဲ၍ အုပ်စု (A) ၅ နာရီမှ ၁၁ နာရီအထိ၊ အုပ်စု (B) ၁၁နာရီမှ ၁၇ နာရီအထိ၊ အုပ်စု (C)+(A) ၁၇ နာရီမှ ၂၃ နာရီအထိ၊ အုပ်စု (A)+(B) ၂၃ နာရီမှ ၅ နာရီအထိ အလှည့်ကျဓာတ်အား ဖြန့်ဖြူးပေးသွားမည်ဖြစ်ပြီး စက်မှုဇုန်များအား အုပ်စုနှစ်စုခွဲ၍ (A) အုပ်စု နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီ၊ (B) အုပ်စု မွန်းတည့် ၁၂ နာရီမှ ညနေ ၅ နာရီအထိ ဓာတ်အား ဖြန့်ဖြူးပေးသွားမည်ဖြစ်သည်။

ကျေးရွာများအား သုံးရက်တစ်ရက်ခြား ဓာတ်အားပေးသွားမည်ဖြစ်ပြီး ဓာတ်အားပေးနိုင်မှုထပ်မံ လျော့နည်းပါက အများပြည်သူကို ဦးစားပေးပြီး စက်မှုဇုန်များကို ဓာတ်အားပိတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ သီဟ(မန္တလေး)

သစ်တောသစ်ပင် ဒို့ချစ်ခင်၊ နှစ်စဉ်စိုက်ပျိုး အလှတိုး

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၃၁-၅-၂၀၁၂ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်

ညပိုင်း

၄:၄၀ ၁။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ် (မြန်မာမှုပညာ အထူးပြု) (မြန်မာမှုပညာ)

၄:၅၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ

၅:၀၀ ၃။ " ဆေးလိပ်ကင်းကွာ အနုပညာကမ္ဘာ"

၅:၀၅ ၄။ " လူငယ်နှင့်ဆေးလိပ်အန္တရာယ်"

၆:၂၀ ၅။ ပျော်ရွှင်စေသောနေ့ရက်များ " နှလုံးသားမှချစ်ပန်းချီ" (အပိုင်း-၁၀) (ကျော်ကျော်ဗို၊ ရတနာဖြူဖြူအောင်) (ဒါရိုက်တာ-အောင်ကျော်သူရ)

၆:၃၅ ၆။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့် ချဉ်းကပ်ခြင်း

၇:၀၀ ၇။ နိုင်ငံခြားဇာတ်လမ်းတွဲ "ဆ-ဆရာရှိသေပါ" (အပိုင်း-၉)

၈:၀၀ ၈။ ပြည်တွင်းသတင်း

၉။ လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

၁၀။ အစာလည်းဆေး ဆေးလည်းအစာ

၁၁။ နိုင်ငံခြားဇာတ်လမ်းတွဲ " ရင်ဆိုင်မယ့်နေ့ရက်များ" (အပိုင်း-၉)

၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်ဆုံး" (အပိုင်း-၆၀)

အီရတ်နိုင်ငံရှိ အယ်လ်ဘာဆရာ ရေနံဆိပ်ကမ်းကို တွေ့ရစဉ်။

ရေနံနှင့် ဓာတ်ငွေ့လုပ်ကွက်သစ်များအတွက် အီရတ်တွင် လေလံတင်ပွဲကျင်းပ

ဘဂ္ဂဒက် မေ ၃၀

အီရတ်နိုင်ငံ ရေနံလုပ်ငန်းဝန်ကြီးဌာနက စတုတ္ထအကြိမ်မြောက် ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ကွက်သစ်များ လေလံတင်ပွဲကို မေ ၂၉ ရက်တွင် စတင်ကျင်းပခဲ့ကြောင်း၊ ယခုတစ်ကြိမ်လေလံပွဲတွင် အီရတ်နိုင်ငံတစ်ဝန်းရှိ ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ကွက်သစ် ၁၂ နေရာကို လေလံတင်မည်ဖြစ်ကြောင်း မေ ၃၀ ရက် ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

အီရတ်ရေနံလုပ်ငန်းဝန်ကြီးဌာနမှ ဖိတ်ကြားခြင်းခံရသည့် ရေနံလုပ်ကွက်များ လေလံဆွဲနိုင်ခြေရှိသည့် ကုမ္ပဏီများသည် ကန်ထရိုက်စာချုပ်ဆိုင်ရာ စည်းမျဉ်းများနှင့် ပတ်သက်၍ စောဒကတက်မှုများ ပြုလုပ်ခဲ့ကြသဖြင့် ယခုကျင်းပသည့် နှစ်ရက်တာ လေလံပွဲကို အကြိမ်ပေါင်းများစွာ ရွှေ့ဆိုင်းခဲ့ရကြောင်း သတင်းတွင် ဖော်ပြသည်။

စွမ်းအင်ဆိုင်ရာလေလံပွဲ၌ နိုင်ငံတကာ ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ကုမ္ပဏီများအတွက် လုပ်ကွက် ၁၂ ခုရှိပြီး ရေနံစူးစမ်းရှာဖွေရေး လုပ်ကွက်အချို့ကို လုပ်ကိုင်ခွင့်ပြုမည်ဖြစ်ကြောင်း၊ ရေနံကုမ္ပဏီများသည် မေ ၃၀ ရက်နှင့် ၃၁ ရက်တို့တွင် လုပ်ကွက်ခြောက်ခုအတွက် ဈေးနှုန်းလွှာတင်သွင်းမှုများ ပြုလုပ်ကြမည်ဟု သတင်းတွင် ဖော်ပြသည်။

ဈေးပြိုင်စနစ်ဖြင့် လေလံတင်သွင်းရန် ကမ်းလှမ်းထားသည့် လုပ်ကွက်သစ်၁၂ခုမှာ ဧရိယာအားဖြင့် စတုရန်းကီလိုမီတာ ထောင်နှင့်ချီရှိမည်ဖြစ်သည်။ ယင်းလုပ်ကွက်သစ် ၁၂ခုအနက် ခုနစ်ခုမှာ သဘာဝဓာတ်ငွေ့ ရှာဖွေရေးလုပ်ကွက်များဖြစ်ပြီး လုပ်ကွက်သစ်ငါးခုမှာ ရေနံရှာဖွေရေးလုပ်ကွက်များဖြစ်သည်။

လေလံအောင်မြင်သည့် ကုမ္ပဏီများ သို့မဟုတ် ကုမ္ပဏီအုပ်စုများသည် စူးစမ်းရှာဖွေမှု၊ အကဲဖြတ်မှု၊ အဆောက်အအုံတည်ဆောက်မှုနှင့် ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်သွားရမည်ဖြစ်သည်။

ရည်ရွယ်ချက်

စတုတ္ထအကြိမ် စွမ်းအင်ဆိုင်ရာ လေလံပွဲ၏ ရည်ရွယ်ချက်များမှာ သဘာဝဓာတ်ငွေ့ ထုတ်လုပ်မှုကို မြှင့်တင်ပေးရန်၊ သဘာဝဓာတ်ငွေ့ကို အခြေခံသော စက်မှုလုပ်ငန်းများ ဖန်တီးပေးရန်နှင့် နိုင်ငံ၏ ရေနံအရန်သိုက်များကို တိုးပွားလာစေရန်ဖြစ်သည်။ ***ဆင်ဟွာ။***

ကုန်သေတ္တာများ ဖြတ်သန်းခ အခကြေးငွေပေးရန် ပါကစ္စတန်နိုင်ငံက အမေရိကန်နိုင်ငံကို တောင်းဆို

အစ္စလမ္မာဘတ် မေ ၃၀

ပါကစ္စတန်နိုင်ငံမှ တစ်ဆင့် အာဖဂန်နစ္စတန်နိုင်ငံသို့ ကုန်သေတ္တာများ တင်ပို့ရာ၌ ကုန်သေတ္တာတစ်လုံးလျှင် အမေရိကန်ဒေါ်လာ ၅၀၀၀ ပေးရန် အမေရိကန်နိုင်ငံအား တောင်းဆိုလျက်ရှိကြောင်း အိပ်စပရက်ထရီဗြွန်းသတင်းစာက မေ ၃၀ ရက်တွင် ရေးသားဖော်ပြသည်။

ကုန်သေတ္တာများ ဖြတ်သန်းသယ်ဆောင်ခ သတ်မှတ်ခြင်းနှင့်ပတ်သက်၍ အမေရိကန်နှင့် ပါကစ္စတန် ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိရာတွင် သဘောတူညီမှု မရသေးကြောင်း သတင်းစာတွင် ဖော်ပြသည်။

အာဖဂန်နစ္စတန်နိုင်ငံ၌ အခြေစိုက်သော နိုင်ငံတကာလုံခြုံရေးအထောက်အကူပြုတပ်ဖွဲ့နှင့် နေတိုးတပ်ဖွဲ့တို့ထံ ကုန်သေတ္တာတင်ကားများဖြင့် ကုန်ပစ္စည်းများ တင်ပို့ရာတွင် လမ်းများ ပျက်စီးရကြောင်း၊ အာဖဂန်စစ်ပွဲကာလ ရှစ်နှစ်တာကာလအတွင်း အမေရိကန်တပ်ဖွဲ့များထံ ပေးပို့သော ကုန်သေတ္တာများကို ပါကစ္စတန်နိုင်ငံက အခကြေးငွေကောက်ယူခဲ့ခြင်းမရှိကြောင်း၊ စစ်ပွဲကာလအတွင်း ကုန်သေတ္တာယာဉ်များ ဖြတ်သန်းမောင်းနှင်မှုကြောင့် အဝေးပြေးလမ်းများ ပျက်စီးခဲ့ရကြောင်း ပါကစ္စတန် တာဝန်ရှိသူများက ပြောကြားကြသည်။

အာဖဂန်စစ်ပွဲ၏ နဝမမြောက်နှစ်တွင် အမေရိကန်နိုင်ငံက ကုန်သေတ္တာတစ်လုံးလျှင် ဒေါ်လာ၂၂၀နှုန်းပေးချေခဲ့သည်။

ကုန်သေတ္တာယာဉ်တစ်စီးဖြတ်သန်းမှုကြောင့် လမ်းပျက်စီးရမှုသည် မော်တော်ယာဉ်ငယ် အစီး ၁၅၀၀ မှ ၂၀၀၀ အထိ ဖြတ်သန်းမောင်းနှင်ခြင်းကြောင့် ပျက်စီးရသော လမ်းပျက်စီးမှုနှင့် တူညီကြောင်း ပါကစ္စတန် တာဝန်ရှိသူများက ပြောကြားကြသည်။ ***အင်တာနက်။***

ပါကစ္စတန်နိုင်ငံ ကရာချိပင်လယ်ဆိပ်ကမ်း၏ ကုန်သေတ္တာလွှင်ပြင်ကို တွေ့ရစဉ်။

အိန္ဒိယ၌ အပူလှိုင်းကျရောက် ပြည်နယ်အချို့တွင် လူသေဆုံးမှုရှိ

နယူးဒေလီ မေ ၃၀

အိန္ဒိယနိုင်ငံတွင် လူအသေအပျောက်များရှိသည်အထိ ထူးကဲပြင်းထန်သော အပူလှိုင်းကျရောက်မှု ဖြစ်ပေါ်နေပြီး နိုင်ငံတစ်ဝန်းရှိ နယ်မြေဒေသအများအပြားတွင် နေ့အပူချိန်များမြင့်တက်ကာ ပြည်သူများမှာ အပူဒဏ်မှ ကင်းဝေးအောင် အစွမ်းကုန် ကြိုးပမ်းနေရကြောင်း မေ ၃၀ရက် အေအက်ဖ်ပီသတင်းတွင် ဖော်ပြသည်။

ပိုမိုမြင့်တက်

အမြင့်ဆုံးအပူချိန်သည် ၄၀ဒီဂရီနှင့် ၄၅ဒီဂရီ ဆဲလ်စီးယပ်စ်အကြားတွင်ရှိနေပြီး ၎င်းမှာ နှစ်စဉ်ဖြစ်မြဲအပူချိန်ထက် ၂ ဒီဂရီမှ ၅ဒီဂရီဆဲလ်စီးယပ်စ်အကြား ပိုမိုမြင့်တက်နေခြင်းဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

အိန္ဒိယနိုင်ငံ အနောက်မြောက်ပိုင်း ရာဂျာစသန်ပြည်နယ်မှသည် အရှေ့ပိုင်းရှိဩရိဿပြည်နယ်တိုင်အောင် မြင့်မားသည့်အပူချိန်ဖြစ်ပေါ်နေပြီး လေပူများတိုက်ခတ်နေသည်ဟုဆိုသည်။

မိမိတို့ရင်ဆိုင်နေရသောပြဿနာမှာ အိမ်ပြင်ထွက်၍ လုပ်ငန်းဆောင်တာများလုပ်ရန် မတတ်နိုင်ခြင်းဖြစ်ကြောင်း အိန္ဒိယနိုင်ငံမြောက်ပိုင်း ဥတ္တရပရာဒေ့ရှ်ပြည်နယ်လက်ခနောင်းမြို့ခံတစ်ဦးဖြစ်သူ မိုဟာမက်အီဗရာဟင်က ပြောကြားသည်။

လူသေဆုံး

အပူလှိုင်းကျရောက်မှုကြောင့် အိန္ဒိယနိုင်ငံ၌လူဦးရေအထူထပ်ဆုံးပြည်နယ်များဖြစ်သည့် ဩရိဿပြည်နယ်တွင် လူ ၁၀ဦးနှင့် ဥတ္တရပရာဒေ့ရှ်ပြည်နယ်တွင် လူနှစ်ဦး သေဆုံးခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။ ***အင်တာနက်။***

အင်ဒိုနီးရှားနှင့် အမေရိကန်ရေတပ် အရှေ့ဂျာဗားပြည်နယ်၌ ပူးတွဲလေ့ကျင့်

ဂျကာတာ မေ ၃၀

အင်ဒိုနီးရှားရေတပ်သည် အရှေ့ဂျာဗားပြည်နယ်၌ အမေရိကန်ရေတပ်နှင့် အတူ ပူးတွဲစစ်ရေးလေ့ကျင့်မှုတစ်ရပ်ကို စတင်လိုက်ပြီဖြစ်ကြောင်း၊ နှစ်နိုင်ငံရေတပ်တပ်ဖွဲ့များအကြား ကျွမ်းကျင်မှုဖလှယ်နိုင်ရန်နှင့် စစ်ဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်ရန် ရည်ရွယ်လျက် ပူးတွဲစစ်ရေးလေ့ကျင့်မှု ပြုလုပ်ခြင်းဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မေ ၃၀ ရက်တွင် သတင်းထုတ်ပြန်သည်။

အဆိုပါ စစ်ရေးလေ့ကျင့်မှုကို မေ ၃၀ ရက်မှ စ၍ ရှစ်ရက်တိုင် ပြုလုပ်မည်ဖြစ်ကြောင်း၊ အရှေ့ဂျာဗားပြည်နယ်ရှိ ပင်လယ်ကမ်းရိုးတန်းမြို့ကြီးများဖြစ်သော ဆူရာဘာယားနှင့် ဆီတူဘွန်ဒိုမြို့တို့၏ ကမ်းလွန်ပင်လယ်ပြင်တွင် ပူးတွဲစစ်ရေးလေ့ကျင့်မှုကို ပြုလုပ်လျက်ရှိကြောင်း သတင်းတွင် ဖော်ပြသည်။

စစ်ရေးလေ့ကျင့်မှု၌ ပါဝင်နိုင်ရန် အမေရိကန်ရေတပ်က ရေတပ်တပ်ဖွဲ့ဝင် ၈၃၀ နှင့် ရေတပ်စစ်သင်္ဘော သုံးစင်းကို စေလွှတ်ပေးခဲ့သည်။ ***ဆင်ဟွာ။***

မူးယစ်ဆေးဝါးထုတ်လုပ်မှုပြဿနာ ဖြေရှင်းနိုင်ရေး အာဖဂန်နစ္စတန်နိုင်ငံ ကြိုးပမ်းရန် ကုလတိုက်တွန်း

ကဘူး မေ ၃၀

အာဖဂန်နစ္စတန်နိုင်ငံ၌ မူးယစ်ဆေးဝါးထုတ်လုပ်မှု ပြဿနာကို ဖြေရှင်းနိုင်ရေးအတွက် အစွမ်းကုန်ကြိုးပမ်းအားထုတ်ရန် ကုလသမဂ္ဂက အာဖဂန်နစ္စတန်နိုင်ငံကို မေ ၂၉ ရက် တွင် ပြောကြားသည်။

အတန်အသင့်အောင်မြင်

အာဖဂန်နစ္စတန်နိုင်ငံ၌ ၂၀၁၁ခုနှစ်တွင် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းကို အတန်အသင့် အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ရာဇဝတ်မှုခင်းတိုက်ဖျက်ရေးရုံး (ယူအင်န်အိုဒီစီ) အမှုဆောင်ညွှန်ကြားရေးမှူး ယူရီဖီဒိုတော့ဗ်က မြို့တော်ကဘူး၌ မေ ၂၉ ရက်တွင် သမ္မတ ဟာမစ်ကာဇိုင်းအား ပြောကြားသည်။

အာဖဂန်နစ္စတန်နိုင်ငံ၌ အစိုးရဌာနများအားလုံးက မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်ကြရန် မိမိတိုက်တွန်းခဲ့ကြောင်း ဖီဒိုတော့ဗ်က ပြောကြားသည်။

အာဖဂန်နစ္စတန်နိုင်ငံ၌ မူးယစ်ဆေးဝါး စိုက်ပျိုးထုတ်လုပ်ရန်ရပ်ဆိုင်းသွားစေရန် မိမိ၏ နိုင်ငံတစ်နိုင်ငံတည်းက ကြိုးပမ်းလုပ်ဆောင်နိုင်မည်မဟုတ်ကြောင်း ကာဇိုင်းက ပြောကြားသည်။

အာဖဂန်နစ္စတန်နိုင်ငံ၌ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်ငန်းဆောင်ရွက်နိုင်ရန် လာမည့်သုံးနှစ်တာကာလအတွက် ဒေါ်လာ ၁၁၇ သန်းကို ကျခံသုံးစွဲမည်ဖြစ်ကြောင်း ဖီဒိုတော့ဗ်က ပြောကြားသည်။

အာဖဂန်နစ္စတန်နိုင်ငံ၌ ၂၀၀၁ခုနှစ်မှ စ၍ စစ်ပွဲဖြစ်ပွားခဲ့ချိန်နောက်ပိုင်း ဘိန်းစိုက်ပျိုးမှု မြင့်တက်လာခဲ့သည်။ ***ဆင်ဟွာ။***

အာဖဂန်နစ္စတန်နိုင်ငံ ဟယ်လ်မန်းပြည်နယ် ဘိန်းစိုက်ခင်းတစ်ခုကို တွေ့ရစဉ်။

ရေအားလျှပ်စစ်ထုတ်လုပ်ရေး ဆည်တည်ဆောက်ရေးကန်ထရိုက်အီရန်ဖျက်သိမ်း

တီဟီရန် မေ ၃၀

ရေအားလျှပ်စစ်ထုတ်လုပ်ရေးဆည်တစ်ခု တည်ဆောက်နိုင်ရေးအတွက် တရုတ်နိုင်ငံနှင့် ချုပ်ဆိုသော ကန်ထရိုက်စာချုပ်တစ်ရပ်ကို အီရန်နိုင်ငံက ဖျက်သိမ်းလိုက်ကြောင်း အီရန်စွမ်းအင်လုပ်ငန်းဝန်ကြီး မာဂျစ်နမ်ဂျူက မေ ၂၉ ရက်တွင် ပြောကြားသည်။

တရုတ်နိုင်ငံဘက်မှ အဆိုပြုသော ဘဏ္ဍာရေးဆိုင်ရာ အစီအစဉ်နှင့်ပတ်သက်၍ အီရန်ဗဟိုဘဏ်က ပယ်ချလိုက်ကြောင်း၊ ရေအားလျှပ်စစ်ထုတ်လုပ်ရေး၊ ဆည်တည်ဆောက်မည့် လုပ်ငန်းစီမံကိန်းကို အီရန်တော်လှန်ရေးအစောင့်တပ်ဖွဲ့၏ စက်မှုလုပ်ငန်းဌာနသို့ ပေးအပ်ရန် စွမ်းအင်လုပ်ငန်းဝန်ကြီးဌာနက ဆုံးဖြတ်လိုက်ကြောင်း မာဂျစ်က ပြောကြားသည်။

အီရန်နိုင်ငံအနောက်တောင်ပိုင်း ဘက်တီယာရီဒေသ၌ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၁၅၀၀ ထုတ်လုပ်ရန် အဆိုပါစီမံကိန်းက မျှော်မှန်းထားသည်။ အင်တာနက်။

အမျိုးသား စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦး တင် နိုင် သိန်း အား မြန်မာနိုင်ငံဆိုင်ရာ တူရကီနိုင်ငံ သံအမတ်ကြီး H.E. Murat Yavuz Ates လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

မြန်မာ-တူရကီ နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်ရန် ဆွေးနွေး

နေပြည်တော် မေ ၃၀

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းအား မြန်မာနိုင်ငံဆိုင်ရာ တူရကီနိုင်ငံသံအမတ်ကြီး H.E. Murat Yavuz Ates သည် ယနေ့နံနက် ၁၀ နာရီခွဲတွင် အဆိုပါဝန်ကြီးဌာန၌ သွားရောက်တွေ့ဆုံ၍ နှစ်နိုင်ငံဆက်ဆံမှု၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများ တိုးမြှင့်ဆောင်ရွက်သွားရေးကိစ္စရပ်များ၊ မြန်မာနိုင်ငံ၌ အရေးပေါ်လိုအပ်ချက်ဖြစ်သော လျှပ်စစ်ဓာတ်အားရရှိရေးအတွက် အကူအညီပေးရေးဆိုင်ရာကိစ္စရပ်များ၊ မြို့ရွာဖွံ့ဖြိုး တိုးတက်ရေးနှင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာအကူအညီပေးရေးကိစ္စရပ်များကို ဆွေးနွေးသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ (သတင်းစဉ်)

စာကြည့်တိုက်ပညာ သင်တန်းဖွင့်

နေပြည်တော် မေ ၃၀

စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်း ၁/၂၀၁၂ ဖွင့်ပွဲအခမ်းအနားကို မေ ၂၆ ရက် နံနက် ၁၀ နာရီတွင် မွန်ပြည်နယ် ပေါင်မြို့နယ် သဲကုန်းကျေးရွာ ရတနာထွန်း (၄) စာကြည့်တိုက်ခန်းမ၌ ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယ ဦးစီးမှူးက သင်တန်းဖွင့် အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ် ဦးစီးမှူးက စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်း ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ ပေါင်မြို့နယ်ရှိ သဲကုန်း၊ ကျုံဟော်၊ ညောင်ကုန်းကြီး၊ ထန်းပင်ချောင်လေးနှင့် မြလေးချောင် ကျေးရွာအုပ်စုတို့မှ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်၊ ကျေးရွာစာရေးများနှင့် စာကြည့်တိုက်မှူးများ စုစုပေါင်း ၂၆ ဦးတို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညာဏ်ဝင်း ပဲခူးတိုင်းဒေသကြီး ၂၀၁၂-၂၀၁၃ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားသို့ တက်ရောက်

ရန်ကုန် မေ ၃၀

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညာဏ်ဝင်းသည် မေ ၂၉ ရက် နံနက်ပိုင်းတွင် ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပသော ပဲခူးတိုင်းဒေသကြီး ၂၀၁၂-၂၀၁၃ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားသည်။

ထို့နောက် အမှတ်(၁) အခြေခံပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ကျောင်းအပ်နှံရေးဆိုင်ရာ လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြား၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ လူမှုရေးအသင်းအဖွဲ့များ၊ ခရိုင်အုပ်ချုပ်ရေးမှူးများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့များနှင့် အလှူရှင်များက ကျောင်းသုံးဗလာစာအုပ်များ၊ ကျောင်းအဆောက်အအုံနှင့် ကျောင်းသုံးပရိဘောဂများ ဆောက်လုပ်ရန် အလှူငွေ ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ခန်းမအတွင်း ပြသထားသော ကျောင်းအပ်နှံရေးနေ့ မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

နိုင်ငံတကာ

အနုပညာ

ရုပ်ဝန်း

အောဝမ်းစိုး

အယ်လ်ဘမ်အသစ်နှင့်အတူ ပြန်လာမည့် ရိန်းဘိုး

အဖွဲ့ဝင်ခုနစ်ဦးပါဝင်သည့် ကိုရီးယားအမျိုးသမီးတေးဂီတအဖွဲ့ ရိန်းဘိုးသည် တေးအယ်လ်ဘမ်အသစ်နှင့်အတူ ဇူလိုင် သို့မဟုတ် ဩဂုတ်လအတွင်း ဂီတလောကသို့ပြန်လာမည်ဖြစ်ကြောင်း ယင်းအဖွဲ့ အေဂျင်စီ၏ အဆိုအရ သိရသည်။

Gossip Girl တေးသီချင်းအဆိုတော်များဖြစ်သည့် ရိန်းဘိုးအဖွဲ့ဝင်များ**(အပေါ်ပုံ)**သည် လွန်ခဲ့သည့်နှစ် ဇွန်လက Sweet Dream အမည်ရှိ တေးအယ်လ်ဘမ်ထုတ်ဝေပြီးနောက် တစ်နှစ်ကျော်ကြာအတွင်း ဂီတလောကသို့ ပြန်လာရန်လှုပ်ရှားနေသော်လည်း တိကျသည့် နေ့ရက်သတ်မှတ်နိုင်ခြင်းမရှိသေးကြောင်း ၎င်းတို့၏ အေဂျင်စီက ထုတ်ဖော်ပြောကြားသည်။

ရိန်းဘိုးဂီတအဖွဲ့အနေဖြင့် ဂီတလောကနှင့် တစ်နှစ်ကျော်ကြာကွာဟနေသော်လည်း ယင်းအဖွဲ့မှ အဖွဲ့ဝင်သုံးဦးဖြစ်သည့် အိုဆောင်အေ၊ ကင်မ်ဂျီဆွတ်ခ်နှင့် ချိုဟန်ယောင်းတို့သုံးဦးမှာ Hoi Hoi အမည်ရှိ အဖွဲ့ခွဲတစ်ခုဖွဲ့စည်းကာ ဂီတလောကတွင် ဆက်လက်လှုပ်ရှားခဲ့ကြသည်။

လွန်ခဲ့သည့် သီတင်းပတ်က ရိန်းဘိုးအဖွဲ့ဝင်တစ်ဦးဖြစ်သည့် နိုအူလ်က အမ်ဘီစီရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသမည့် Dr.Jin အမည်ရှိ ရုပ်သံဇာတ်လမ်းတွဲတွင် ပထမဆုံးအကြိမ်ပါဝင်သရုပ်ဆောင်ခြင်းဖြင့် သရုပ်ဆောင်ဘဝ စတင်တော့မည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

ရိန်းဘိုးပေါ့ပ်တေးဂီတအဖွဲ့ကို ကိုရီးယားအမျိုးသမီးငယ်လေးများဖြစ်သည့် ကင်မ်ဂျေကျောင်း၊ အိုဆောင်အေ၊ ခိုဝူရီ၊ နိုအူလ်၊ ဂျန်ယွန်ဟေး၊ ကင်မ်ဂျီဆွတ်ခ်နှင့် ချိုဟန်ယောင်းတို့ဖြင့် ၂၀၀၉ ခုနှစ်က စတင်ဖွဲ့စည်းခဲ့သည့် တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်သည်။ **အင်တာနက်။**

ကျွန်းစုမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းသားသမီးများအား ထောက်ပံ့ကြေးပေးအပ်

နေပြည်တော် မေ ၃၀

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းသားသမီးများအား ၂၀၁၂-၂၀၁၃ ပညာသင်နှစ်အတွက် ပညာသင်စရိတ်နှင့် ကျောင်းဝတ်စုံ ထောက်ပံ့ပေးအပ်ပွဲကို မေ ၂၈ ရက် ညနေ ၃ နာရီတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မိုးက အမှာစကားပြောကြားပြီး တက္ကသိုလ်၊ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့် ကျောင်းသား ကျောင်းသူများအား ပညာသင်စရိတ်နှင့် ဝတ်စုံစရိတ်များ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကျောက်မဲခရိုင်တရားရုံးနှင့် မြို့နယ်တရားရုံးဖွင့်

သီပေါ မေ ၃၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင်တရားရုံးနှင့် ကျောက်မဲမြို့နယ်တရားရုံး အဆောက်အအုံသစ်ဖွင့်ပွဲကို မေ ၂၇ ရက် နံနက် ၈ နာရီက ပန်ပေါင်းရပ် ပင်လုံလမ်းမကြီးဘေးရှိ အဆိုပါအဆောက်အအုံရှေ့၌ ကျင်းပရာ ရှမ်းပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ် ဦးကြွယ်ကြွယ်နှင့် ကျောက်မဲခရိုင် အုပ်ချုပ်ရေးမှူး ဦးခင်မောင်လေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

တရားရုံးအဆောက်အအုံသစ် ဆောက်လုပ်ခြင်းကိစ္စရပ်များနှင့် ပတ်သက်၍ ကျောက်မဲခရိုင်တရားသူကြီး ဒေါ်ခင်မြင့်ရီမှ ရှင်းလင်းတင်ပြပြီး အဆောက်အအုံသစ်ကို တာဝန်ယူဆောက်လုပ်ခဲ့သည့် ကန်ထရိုက်တာ ဦးဘိုနီ (သီပေါ)က ခရိုင်တရားသူကြီးထံ အဆောက်အအုံနှင့် စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်သည်။ (၂၄၇)

ကြေး မုံ သို့ ပေး စာ က လ္ဘာ

သတိပြုရမည့် မိုးရာသီလျှပ်စစ်အန္တရာယ်

၂၉-၄-၂၀၁၂ နေ့ ညနေ ၅ နာရီခန့်ကဖြစ်သည်။ ရန်ကုန်မြို့ အလုံမြို့နယ် နွယ်နီလမ်းထဲတွင် ၁၀ မိနစ်ခန့်ရွာချလိုက်သော မိုးရေစက်များနှင့်အတူ ကန်ထရိုက်တိုက်တစ်ခုရှေ့တွင် စိုက်ထူထားသော ဓာတ်တိုင်တစ်ခု၌ ငှက်သိုက်သဖွယ်ရှုပ်ထွေးနေသော ဝါယာကြိုးများမှ "ဖောက်. . ဖောက်. . ဖောက်"ဆိုသည့် အသံများနှင့်အတူ မီးကြိုးများရှော့ဖြစ်ကာ ပြတ်ကျကုန်သည်။

လမ်းထဲမှလူအများ၏ ထိတ်လန့်တကြား အော်ဟစ်သံများက ငရဲပွက်သလို ဆူညံပွက်လောရိုက်သွားတော့၏။ နှစ်ထပ်လုံးချင်းအိမ်တစ်အိမ်ကို ခါးပတ်ပုံစံ ဝေ့ဝိုက်သွယ်တန်းထားသော ဓာတ်ကြိုးများက ကြောက်မက်ဖွယ်ရာ ရဲရဲနီနေသည်။

"မိန်းချ. . မိန်းချ"ဆိုသည့် အော်ဟစ်သံများနှင့်အတူ လူရှိနေသော တိုက်ခန်းအသီးသီးမှ မိန်းခလုတ်များချလိုက်ကြသော်လည်း လူမရှိသည့်အခန်းမှ မိန်းခလုတ်များကိုမူ အဆင်ပြေသလိုဝင်ရောက်ပိတ်လိုက်ကြရ၏။ မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်းမှာ မိုးရေထိ၍ရှော့ဖြစ်ကာ ပြတ်ကျသွားသော မီးကြိုးများမှ လျှပ်စစ်ဝါယာညှော်နံ့များက တစ်လမ်းလုံး မွှန်သွားသည်။ ကံသီပေလို့ဘာမှမဖြစ်ဘဲ ငြိမ်သွားသည်။ တစ်ယောက်တစ်ပေါက်အမျိုးမျိုးထင်ကြေးပေး ဝေဖန်ပြောဆိုသံများနှင့် လမ်းထဲမှာ လူတွေဖွေးဖွေးလှုပ်သွား၏။

အားချင်းဆိုသလို သက်ဆိုင်ရာ လျှပ်စစ်ရုံးသို့ အကြောင်းကြားကာ ပြတ်ကျသွားသော ဓာတ်ကြိုးလိုင်းများနှင့် နှစ်များကြာ၍ ဟောင်းနွမ်းပေါက်ပြဲနေသော ဝါယာကြိုးများကို ဖြတ်တောက်လဲပစ်ကြရသလို ဓာတ်ကြိုးများနှင့် မလွတ်ကင်းသည့် သရက်ပင်များကိုပါ ခုတ်ထွင်ရှင်းလင်းပစ်လိုက်ကြရသည်။ ဤဖြစ်ရပ်ကြီးကို အကယ်၍သာ အချိန်နှင့်တစ်ပြေးညီ လက်ဦးမှုမပြုလုပ်နိုင်ပါက တစ်လမ်းလုံး တစ်ရပ်ကွက်လုံး တွေးရဲစရာပင်မရှိပေ။

ယင်းကိစ္စဖြစ်ပြီးနောက် မေ ၂၁ ရက် ည ၇ နာရီခွဲမှာပင် ကျွန်တော်တို့ အင်းစိန်တွင် တက္ကသိုလ်ဝင်တန်းတက်နေသည့် (၁၅)နှစ်အရွယ် ကျောင်းသားလေးတစ်ယောက် ကျူရှင်ကအပြန်မှာ မိုးရွာသွန်း၍ ပြတ်ကျသွားသော ဓာတ်ကြိုးနှင့် ထိမိကာ ဓာတ်လိုက်ပြီး သေဆုံးသွားသည်။

အဆိုပါဖြစ်ရပ်များကိုကြည့်ပါက ယခုလို မိုးရာသီအချိန်တွင် လမ်းဘေးဓာတ်တိုင်များမှ လျှပ်စစ်ဝါယာကြိုးများသည် အချိန်မရွေး အန္တရာယ်ကျရောက်နိုင်ကြောင်းကို ပြဆိုနေပါသည်။ သို့ပါ၍ ဟောင်းနွမ်းပေါက်ပြဲဓာတ်ကြိုးများကို အချိန်မီစစ်ဆေးပြောင်းလဲသင့်ပါကြောင်း တင်ပြလိုက်ရပါသည်။

ဒါတွင်မက ယခုလို မိုးရာသီတွင် မိုးကြိုးထိမှန်၍ အသက်ဆုံးရှုံးသွားရသည့် သတင်းများကလည်း သတင်းစာများထဲတွင် မကြာခဏ ဖတ်ရှုနေရသည်။ မိုးကြိုးထိမှန်နိုင်သည့်နေရာများမှာ မနေမိဖို့နှင့် ရှောင်ရှားနိုင်စရာ နည်းလမ်းများကို နေပြည်တော်(ရေဒီယို)မှ မကြာမကြာ ထုတ်လွှင့်ပေးနေသလို၊ နေ့စဉ်ထုတ်သတင်းစာများမှာလည်း မိုးကြိုးအန္တရာယ်ကာကွယ်ရေးအတွက် ဆောင်ရွက်ရန်အချက်များကို ထည့်သွင်းဖော်ပြပေးနေပါသည်။

အချုပ်ကိုဆိုရပါမူ အသက်ကို ဉာဏ်စောင့်ဆိုသည့်အတိုင်း အခုလို မိုးတွင်းရာသီတွင် မိုးရေကြောင့် လမ်းမှန်းမသိ ချိုင့်မှန်းမသိ၍ နင်းမိတာမျိုး၊ ကားတက်ကားဆင်းများတွင် မိုးရေကြောင့် ခြေထောက်ချော်ကျတာမျိုးအပါအဝင် မိုးရာသီတွင် ဓာတ်တိုင်မီးကြိုးများအောက်က ဖြတ်မလျှောက်ဖို့၊ မလွဲသာမရှောင်သာ သွားရပြီ ဆိုရင်လည်း သတိထားသွားလာကြဖို့နှင့် မိမိအသက်အန္တရာယ်ကို သတိ ဝီရိယနှင့် ကြိုတင်ကာကွယ်နိုင်ကြဖို့အကြောင်း စေတနာကောင်းဖြင့် သတိပေးနှိုးဆော်လိုက်ရပါသည်။

(မျိုးဝင်းအောင်-မြင်းမူ)

▪▪▪▪▪▪▪▪▪▪

ပါရမီ(၂၃၂)ယာဉ်လိုင်းမပြေးတော့၍ ဒုက္ခရောက် ကားမှတ်တိုင် တရားဝင်သတ်မှတ်ပေးပါ

စာတည်းရှင့်-

ကျွန်မဟာ ရန်ကုန်မြို့ သာကေတမြို့နယ် တိုင်းရင်းသားကျေးရွာရှေ့ရှိ ရတနာအိမ်ရာတွင် နေထိုင်သူတစ်ဦး ဖြစ်ပါတယ်။

မကြာမီက ဖြစ်ပွားခဲ့တဲ့ ပြဿနာတစ်ခုကြောင့် ပါရမီ (၂၃၂) ယာဉ်လိုင်း ပြေးဆွဲနေမှု ခေတ္တရပ်ထားသဖြင့် (မည်သည့်အချိန်ထိ ဖြစ်မလဲတော့ မသိရပါရှင့်) ကျွန်မတို့ ပါရမီ (၂၃၂) ယာဉ်လိုင်းကို အားထားစီးနေရသူတွေမှာ ဒုက္ခရောက်နေကြရပါတယ်။ ယာဉ်လိုင်းမှ တာဝန်ရှိသူတစ်ဦးထံ စုံစမ်းကြည့်ရာ တိကျတဲ့ အဖြေမပေးနိုင်သေးလို့ ကားကြပ်တဲ့ ဒုက္ခကို မခံစားနိုင်၍ ပေးစာကဏ္ဍကနေ ပါရမီ(၂၃၂) ယာဉ်လိုင်း အမြန်ပြန်လည်ပြေးဆွဲပေးနိုင်ရေး အကူအညီ တောင်းခံလိုက်ရခြင်း ဖြစ်ပါတယ်။

ဒါ့အပြင် ကျွန်မတို့ ရတနာအိမ်ရာလမ်းထောင့် (တိုင်းရင်းသားကျေးရွာနယ်နိမိတ်အဆုံး)မှာ "ဗေလုဝ" ကွေ့ဆိုပြီး နားလည်မှုနဲ့ အတက်အဆင်းလုပ်နေတဲ့ ဘတ်စ်ကား မှတ်တိုင်ရှိပါတယ်။ မထသ (၃၂)က အတက်ကို လက်ခံလေ့ရှိပေမယ့် အဆင်းဆို ရပ်ပေးလေ့မရှိပါဘူး။ ပါရမီ (၂၃၂)နဲ့ မထသ(၆၅)ကတော့ မေတ္တာရပ်ခံပြီး အဆင်းဆို ရပ်ခိုင်းလို့ ရပါတယ်။ ရတနာလမ်းကနေ ဖြတ်သွားတဲ့ ကားအမျိုးအစားစုံတော့ ယာဉ်ထိန်းရဲတွေက ကားတစ်စီးနဲ့ လာတားတာ၊ စစ်ဆေးတာ ရှိတတ်ပါတယ်။ သူတို့ရှိရင်တော့ ဘတ်စ်ကားတွေ ရပ်မပေးရဲကြပါဘူး။ မှတ်တိုင်က တရားဝင်မဟုတ်လို့ ဒဏ်ကြေးဆောင်ရမှာစိုးလို့ပါ။ ကျွန်မတို့က ယာဉ်ထိန်းရဲတွေကို အကူအညီတောင်းပြီး ဘတ်စ်ကားစီးဖို့ တားခိုင်းရပါတယ်။ အဆင်းအတွက်တော့ မလွယ်ပါဘူး။ "ဗေလုဝ"ကွေ့နဲ့ အနီးဆုံး မှတ်တိုင်နှစ်ခုဖြစ်တဲ့ "ဂိတ်ဟောင်း"နဲ့ "သစ်ဆိပ်"က အရမ်းအလှမ်းဝေးပါတယ်။ လမ်းလျှောက်ရတာမသက်သာပါဘူး။ အရင်တုန်းက "ဗေလုဝ"ကွေ့မှတ်တိုင်တစ်ဝိုက်မှာ လူမနေလို့ ဘတ်စ်ကားစီးမယ့်လူ မရှိတာကြောင့် မှတ်တိုင်တရားဝင်သတ်မှတ်ထားတာ မရှိခဲ့တာပါ။ ဒါကြောင့် "ဗေလုဝ" မှတ်တိုင်ကို တရားဝင်မှတ်တိုင်အဖြစ် သတ်မှတ်ပြီးကားတွေရပ်ပေးစေလိုပါတယ်လို့ စာတည်းထံမှ တစ်ဆင့် တင်ပြလိုက်ရပါတယ်ရှင့်။

(ရတနာအိမ်ရာသူများ)

စဉ်ဆက်ပွင့်လန်း စေတနာမိုးပွင့်ပန်း

မောင်မုဒိတာ

အမိမြန်မာနိုင်ငံသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ တစ်ဆင့်ပြီးတစ်ဆင့် အရောက်လှမ်းလျက်ရှိသည်။ အပြုသဘောဆောင်သည့် ပြုပြင်ပြောင်းလဲမှုများသည် ညင်သာမြန်ဆန်စွာ အချိန်နှင့်အမျှအရှိန်အဟုန်ဖြင့် တိုးတက်ပြောင်းလဲနေသည်။ ငြိမ်းချမ်းရေးပန်းခင်းကြီးကလည်း ဝေဝေဆာဆာ အရောင်အသွေးစုံလင်စွာ ဖူးပွင့်နေပြီ။ အပြုသဘောဆောင်သော တိုးတက်ဖြစ်ထွန်းမှုတွေကြောင့် နိုင်ငံတကာ၏မျက်နှာစာတွင် ဝင့်ထည်တင့်တယ်လျက်ရှိနေသည်။ နေရာတိုင်းတွင် တိုးတက်ဖြစ်ထွန်းလျက်ရှိသည်က မည်သူမျှမငြင်းသာ ပွင့်လင်းစွာဝန်ခံဖို့ရာသာရှိတော့သည်။

ပြည်သူက ရွေးချယ်တင်မြှောက်ထားသည့်အစိုးရအဖွဲ့သစ်၏ ဦးဆောင်မှုဖြင့် ဝန်ကြီးဌာနအသီးသီးကလည်း ပြည်သူ့ဆန္ဒကိုအလေးထားကာ လုပ်ငန်းများ သွက်လက်မြန်ဆန်စေရေးအတွက် ဖြေလျှော့ဆောင်ရွက်ပေးနေမှုများက နေရာတိုင်း၊ အချိန်တိုင်းပင်။ ကဏ္ဍစုံ၊ နယ်ပယ်စုံမှာ ပြုပြင်ပြောင်းလဲမှု၊ ဖွံ့ဖြိုးတိုးတက်မှုများက လက်ညှိုးထိုးမလွဲ။ ယင်းကဲ့သို့ နိုင်ငံတော်၏ ပြောင်းလဲတိုးတက်မှုဖြစ်စဉ် အများကြီး ထဲကတစ်ခုကို မီးမောင်းထိုးပြရလျှင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး ဌာနက နိုင်ငံတစ်ဝန်းလုံး မိုးပွင့်ပန်းတို့ကြဲဖြန့်ပေးသည့်ပမာ စိတ်စေတနာပြည့်ဝ စွာဖြင့်မိုးပွင့်စီမံချက်အမည်တပ်လျက် တိုင်းဒေသကြီး/ ပြည်နယ်အနှံ့၊ ရပ်ကွက်/ ကျေးရွာအရောက် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးခြင်းလုပ်ငန်းများကို ဖြေလျှော့ပေးသောစနစ်သစ်ဖြင့် ကွင်းဆင်းဆောင်ရွက် ပေးနေရာ တစ်ပြည်လုံး အုန်းအုန်းကျွက်ကျွက် လှုပ်ရှားဆောင်ရွက်နေမှုများကို မျက်ဝါးထင်ထင်တွေ့မြင်ဖန်များလာသည့်အတွက် ပကတိဖြစ်ရပ်မှန်တွေကို စိတ်က တားမနိုင်ဆီးမရ၊ မုဒိတာပွားကာ ဤသို့ရေးသားလိုက်ရခြင်းဖြစ်တော့သည်။

ဤသို့ဖြင့် မိတ်ရင်းဆွေရင်း လဝကမှ အပေါင်းအသင်းများကို လက်ဖက်ရည် ကြမ်းတစ်ကရားဧည့်ခံရင်း သတင်းစုံစမ်းမေးမြန်းဖြစ်ခဲ့သည်။ မိုးပွင့်စီမံချက်၏အစ မိုးပွင့်အဆင့် (၁) ကို ၂၀၁၁ ခုနှစ် ဇူလိုင်လ ၁ ရက်မှ အောက်တိုဘာလ ၃၁ ရက်အထိ လေးလတာကာလသတ်မှတ်၍ တစ်နိုင်ငံလုံး အုန်းအုန်းကျွက်ကျွက်ဖြင့် ဆောင်ရွက်ခဲ့ ပေသည်။ လေးလတာဆောင်ရွက်ခဲ့သည့် မိုးပွင့်အဆင့် (၁)တွင် တစ်နိုင်ငံလုံး အတိုင်း အတာဖြင့် အိမ်ထောင်စုလူဦးရေစာရင်း ၁၈၇၈၀၉ စောင်၊ နိုင်ငံသားစိစစ်ရေး ကတ်ပြား ၁၄၃၈၉၅၀ခု ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်းနှင့် စီမံချက်မတိုင်မီ ယခင် ဆောင်ရွက်ပေးမှုများထက် အိမ်ထောင်စုလူဦးရေစာရင်းက ရှစ်ဆ၊ နိုင်ငံသား စိစစ်ရေးကတ်ပြားက ၁၁ ဆကျော် ဆောင်ရွက်ပေးနိုင်ခဲ့သည်။ မိုးပွင့် (၁) ပြီးတော့ နိုဝင်ဘာ၊ ဒီဇင်ဘာ၊ ဇန်နဝါရီ သုံးလတာနားခဲ့သည်။ နားသည်ဆိုသည်ကလည်း နားနားနေနေမဟုတ်။ ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည့် ပြည်သူတစ်ဦးချင်း၏ မှတ်တမ်းမှတ်ရာများ စာရင်းပြုစုရေးသွင်းခြင်း၊ ထိန်းသိမ်းခြင်းလုပ်ငန်းများကို ရုံးမှာ ထိုင်ပြီး မနားမနေဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။ လူတစ်ဦးချင်းစီ၏ ကိုယ်ရေး အချက်အလက်ဖြစ်တည်မှု မှတ်တမ်းမှတ်ရာများဖြစ်၍ ရေရှည်ထိန်းသိမ်းရမည် ဆိုတော့ ပြီးပြီးရောလုပ်၍မရ။ စနစ်ကျနရမည်ပေါ့။ သို့သော်လည်း ရုံးသို့လာရောက် ဆောင်ရွက်ကြသူများအတွက်ကတော့ အဆင်ပြေပြေလွယ်လွယ်ကူကူ ဆက်လက် ဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။

ကျေးဇူးတင်ပါသည်။ လုပ်ငန်းကာလတွေတော့ ပြီးသွားပြီဟုထင်နေခဲ့တာ၊ ဟော---- ၂၀၁၂ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ မတ်လ ၃၁ ရက်အထိ နှစ်လတာကို မိုးပွင့်အဆင့်(၂)ဟုသတ်မှတ်ကာ မိုးပွင့်ပန်းများ ထပ်မံကြဲဖြန့်လိုက်ပြန်သည်။ မိုးပွင့်(၁)မှ ကွင်းဆင်းဆောင်ရွက်မှုမပြုနိုင်ဘဲ ကျန်ခဲ့သည့်နေရာဒေသများသို့ လည်းကောင်း၊ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာများမှ ဆောင်ရွက်ပေးရန် အကြောင်းကြားလာလျှင် သော်လည်းကောင်း၊ အကြောင်းအမျိုးမျိုးကြောင့် မဆောင်ရွက်လိုက်ရသူများအတွက် ယခင်ဖြေလျှော့နည်းများအတိုင်း ကွင်းဆင်းဆောင်ရွက်ပေးသည့် စီမံချက်ဟုဆိုပြန် သည်။ မိုးပွင့်အဆင့်(၂) သည် မိုးပွင့်အဆင့် (၁)ကဲ့သို့ ဖြေလျှော့နည်းစနစ်များအတိုင်း သတ်မှတ်နှုန်းထားဖြင့် လွယ်ကူလျင်မြန်စွာ ဆောင်ရွက်ပေးသည့်အပြင် **ယခင်မိုးပွင့် (၁)မှာတုန်းက ကြုံတွေ့ခဲ့ရသည့် လုပ်ငန်းအတွေ့အကြုံများ၊ လုပ်ငန်းအခက်အခဲ များအပေါ်မူတည်၍ ပြန်လည်သုံးသပ်ညှိနှိုင်းအဖြေရှာမှုဖြင့် ပြည်သူများအတွက် ပိုမိုသွက်လက်မြန်ဆန်စေရေး စီစဉ်ဆောင်ရွက်ပေးမှုများ ပါဝင်ကြောင်းတွေ့ရသည်။** ပြည်သူကလည်း ရုပ်သံ၊ ရေဒီယို၊ သတင်းစာ၊ ဂျာနယ်တို့တွင် သိမြင်ဖတ်ရှုကြား သိနေရသည့်အတွက် လုပ်ငန်းစဉ်နှင့်မစိမ်းတော့သလို ဝန်ထမ်းများကလည်း လုပ်ငန်း ဆောင်ရွက်မှုကျွမ်းကျင်နေပြီဖြစ်၍ သွက်လက်မြန်ဆန်နေသည်။ မိုးပွင့်(၂)တွင်ဝေးလံ ခေါင်ဖျားဒေသများပါမကျန် ကွင်းဆင်းဆောင်ရွက်ခဲ့ပေရာ ပြည်သူများက တင်မြှောက်ထားသည့် ဒေသခံလွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများကပါ လဝကဝန်ထမ်းများ၏ ဆောင်ရွက်ချက်များကို လိုက်ပါကြည့်ရှုအားပေး၍ လိုအပ်သည်များ ကူညီပံ့ပိုး ခဲ့ကြကြောင်း ရုပ်မြင်သံကြားနှင့်သတင်းစာများတွင် တွေ့မြင်ကြားသိနေရပြန်သည်။ ကောင်းလေစွဟု ဝမ်းသာပီတိဖြစ်ရပြန်ပါသည်။

မိုးပွင့်(၂)တွင် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ဆောင်ရွက်ရာ၌ ကုန်ကျသည့်စာရွက်စာတမ်းကြေး၊ သွေးစစ်ခ၊ ဓာတ်ပုံရိုက်ခ၊ မိတ္တူ ကူးခစသည့် ကုန်ကျစရိတ်များနှင့်ပတ်သက်၍ ဌာနမှကောက်ခံကာ နိုင်ငံတော်သို့ ပေးသွင်းရသည့် အခငွေနှင့် အခြားဆက်စပ်ကုန်ကျစရိတ်များအပေါ် ကွဲကွဲပြားပြား၊ ခွဲခွဲခြားခြား သိရှိလာကြကြောင်းကိုလည်းတွေ့ရသည်။ နှစ်လတာ ဆောင်ရွက်ခဲ့သည့် မိုးပွင့်အဆင့် (၂)တွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အိမ်ထောင်စုလူဦးရေစာရင်း ၇၈၄၇၀စောင်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ၄၇၅၄၉၃ ခုဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း ထုတ်ပြန်ချက်များအရ သိရသည်။

လဝကဝန်ထမ်းများက နေ့မအား၊ ညမနား အများပြည်သူရုံးပိတ်ရက်များပါ မကျန် ပြည်သူတို့၏လိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်ပေးနေမှုများအား ရုပ်မြင် သံကြား၊ ရေဒီယို၊ သတင်းစာ၊ ဂျာနယ်တို့တွင် တွေ့ဆုံမေးမြန်းခန်းများ၊ ဆောင်းပါးများ၊ လက်ကမ်းစာစောင်များ၊ လှုပ်ရှားမှုသတင်းများအဖြစ် ဝေဝေဆာဆာ ထုတ်လွှင့်ဖော်ပြ နေမှုများက သက်သေပြနေသည်။ တစ်တိုင်းတစ်ပြည်လုံး ပြည်သူအများသိရှိလိုက်ပါ ဆောင်ရွက်နိုင်ရေးအတွက် တိုက်တွန်းနှိုးဆော်နေသကဲ့သို့ပင် ကြားသိမှတ်မိနေသည်။ မိုးပွင့်စီမံချက်သည် ဖြေလျှော့နည်းစနစ်နှင့်အညီ ဆောင်ရွက်ပေးခြင်းဖြစ်၍ ပြည်သူ အများ ကုန်ကျစရိတ်သက်သက်သာသာနှင့် လွယ်လွယ်ကူကူရရှိကြသည်ကတော့ အသေအချာပင် ဖြစ်သည်။

အမှန်တော့ လဝကလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် ကွင်းဆင်းဆောင်ရွက် ပေးရန်မှာ အခက်အခဲရှိသည်။ ကိုးကားရသည့်မှတ်တမ်းမှတ်ရာများက ရုံးတွင်သာ ရှိနေခြင်းကြောင့် ကာယကံရှင်က ရုံးသို့လာရောက် ဆောင်ရွက်ရမည်သာဖြစ်သည်။ ပြည်သူများအတွက်လိုအပ်ချက်ကို ထိထိရောက်ရောက်၊ မြန်မြန်ဆန်ဆန် အရှိန် အဟုန်ဖြင့် ဆောင်ရွက်ပေးနိုင်ရန်အတွက်သာ ရပ်ကွက်/ကျေးရွာအရောက် ကွင်းဆင်း ဆောင်ရွက်ပေးခြင်းဖြစ်သည်ဟု ကွင်းဆင်းဝန်ထမ်းမိတ်ဆွေက ဖောက်သည်ချသည်၊ ဟုတ်ပေသည်။ ဤမျှနိုင်ငံတော်အတွက်အရေးကြီးလှသည့် လုပ်ငန်းစဉ်အတွက် များပြားလှသော အချက်အလက်များကား စနစ်တကျသိမ်းဆည်းရာရုံးမှာပင်ရှိပေမည်။

လဝက ကလိုအပ်သည့် အထောက်အထားစာရွက်စာတမ်းများ စုံစုံလင်လင်ပါရှိ လာပြီဆိုလျှင် အိမ်ထောင်စုလူဦးရေစာရင်းက အခမဲ့၊ နိုင်ငံသားစိစစ်ရေးကတ်ကို သတ်မှတ်နှုန်းထားဖြင့် ဆောင်ရွက်ပေးလျက်ရှိသည်။ နိုင်ငံသားစိစစ်ရေးကတ်ပြား အသစ်ပြုလုပ်လျှင် ဌာနသို့ခြောက်ကျပ်သာပေးရသည်။ သို့သော်လည်း ယင်းလုပ်ငန်းနှင့် ပတ်သက်နေသည့် ထောက်ခံချက်ယူရသည့်ကိစ္စ၊ သွေးစစ်ခ၊ ဓာတ်ပုံရိုက်ခ၊ မိတ္တူ ကူးခစသည့် အခြားကုန်ကျစရိတ်များနှင့် ရောထွေးတွက်ချက်မှုများရှိနေသည့်အတွက် သတ်မှတ်နှုန်းထားဖြင့် ဆောင်ရွက်ပေးနေမှုက ပုံမပေါ်အားပျော့နေသယောင်။ လုပ်ငန်းဆက်စပ်မှုအတွက် ကုန်ကျစရိတ်နှင့် ဌာနသို့ပေးသွင်းရသည့် ကုန်ကျစရိတ် တို့ကိုတော့ ကွဲကွဲပြားပြားနှင့် ခွဲခွဲခြားခြားသိကြစေလိုသည်။ အဆိုပါ မိုးပွင့်စီမံချက် ဆောင်ရွက်မှုကိုအကြောင်းပြု၍ အကျိုးရှိသူများလည်းရှိသွားကြသည်။ ကွင်းဆင်း ဆောင်ရွက်ပေးသည့် ကျေးရွာလမ်းဘေးမှ ဓာတ်ပုံဆိုင်တစ်ဆိုင်နှင့် မိတ္တူကူးဆိုင် တစ်ဆိုင်မှာ လူများကြိတ်ကြိတ်တိုးနေသည်ကိုလည်းမြင်ရ၍ မေးမြန်းစုံစမ်းကြည့်တော့ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားပြုလုပ်ရန် လိုအပ်သည့် ဓာတ်ပုံရိုက်ခြင်း၊ မိတ္တူကူးခြင်းတို့ကို ပြည်သူများ လာရောက်ဆောင်ရွက်နေကြခြင်း ဖြစ်ကြောင်းသိရသည်။ ယင်းစီမံချက် မဆောင်ရွက်မီက အဆိုပါဓာတ်ပုံဆိုင်သည် တစ်နေ့လျှင်တစ်ဦး၊ နှစ်ဦးပင် ဓာတ်ပုံလာရိုက်မှုကမသေချာ၊ မိတ္တူကူးဆိုင်သည်လည်း တစ်ရွက်၊ နှစ်ရွက်၊ သုံး၊ လေး၊ ငါးရွက်သာမိတ္တူကူးမှု ရှိခဲ့သော်လည်း ယခုစီမံချက် ကြောင့် အတော်အဆင်ပြေနေပုံရသည်။ ဖြစ်သင့်သည်ကတော့ ယခုလိုကာလတွင် များများစားစား ဆောင်ရွက်ပေးရသည့်အတွက် သက်သာသောဈေးနှုန်းဖြင့်ဆောင်ရွက် ပေးပါက ပြည်သူများအတွက် နှစ်ခါသက်သာမည်ဖြစ်သည်။ လဝက ကသတ်မှတ်နှုန်း ထားဖြင့် အလွယ်တကူဆောင်ရွက်ပေး၍ သက်သာသကဲ့သို့ ဓာတ်ပုံဆိုင်နှင့် မိတ္တူဆိုင် ကလည်း အထူးနှုန်းဖြင့်ဆောင်ရွက်ပေးခြင်းအတွက် သက်သာခြင်းကို ဆိုလိုရင်းဖြစ် သည်။ ယင်းသို့ဆိုပါက အားလုံးအတွက်ကုသိုလ်လည်းရ၊ ဝမ်းလည်းဝမည့် အစီ အစဉ်တစ်ခုအဖြစ် မုဒိတာပွားလိုက်ချင်သည်။

လဝက၏ လုပ်ငန်းများသည် လူမျိုး၊ ဘာသာစကား၊ ကိုးကွယ်မှု၊ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများအပေါ်တွင် အခြေမတည်။ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသား ဥပဒေ ပေါ်တွင် အခြေတည်ဆောင်ရွက်ရခြင်းဖြစ်ကြောင်းလည်းသိရသည်။ နိုင်ငံသားဟု ဆိုရာ၌ မွေးရာပါနိုင်ငံသားနှင့် ဥပဒေအရ နိုင်ငံသားဟူ၍ရှိသည်။ ယခုမိုးပွင့်(၁)နှင့် (၂)သည် မွေးရာပါနိုင်ငံသားများဖြစ်သည့် တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွား သူများအတွက် ဆောင်ရွက်မှုဖြစ်သည်။ ဥပဒေအရ နိုင်ငံသားသွေးနှောများအတွက်မူ ဥပဒေနှင့်အညီစိစစ်၍ အဆင့်ဆင့်တင်ပြအတည်ပြုဆောင်ရွက်ရသဖြင့် လုပ်ငန်း သဘောသဘာဝအရ ကြန့်ကြာမှုတော့ အနည်းအကျဉ်းရှိသည်ဟု သိရသည်။ ဒါလည်း ဟုတ်ပေသားပဲဟု တွေးမိသည်။ လူမျိုး၍လူမျိုးပြုတ်တာမျိုးတော့ မိမိတို့လည်း လက်မခံနိုင်။ မည်သို့ဖြစ်စေ ယင်းလုပ်ငန်းကိုလည်း ကြာသင့်သည်ထက် ပိုမကြာနိုင် ရေးနှင့် တတ်နိုင်သမျှမြန်ဆန်နိုင်ရေးတို့အတွက် စိစစ်ဆောင်ရွက်ပေးလျက်ရှိ ကြောင်းလည်း သိရသည်။

ပြည်သူများအပိုင်းကလည်း အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေး ကတ်ပြားကို ပျက်စီး၊ ပျောက်ဆုံးမှုမရှိစေရေးအတွက် စနစ်တကျ ကိုင်တွယ် ထိန်းသိမ်းကြရန်လည်းလိုမည်ထင်သည်။ မည်သည့်နေရာသွားသွားမှ ချန်မထားရန် လိုသကဲ့သို့ ငွေနှင့်ပင် မလဲနိုင်လောက်အောင် သူ့အရှိန်နှင့်သူ အရေးပါသည်ကိုလည်း မမေ့သင့်။ ယခုလို ဖြေလျှော့နည်းများနှင့် စီမံချက်များဖြင့် ကွင်းဆင်းဆောင်ရွက်ပေး နေသည့်အတွက် လွယ်လွယ်ကူကူ၊ သက်သက်သာသာရနေသဖြင့် တန်ဖိုးမထား တတ်ဖြစ်မှာလည်း စိုးရိမ်မိသည်။

မိုးပွင့်အဆင့်(၁)ဖြင့် ထိထိရောက်ရောက် ဆောင်ရွက်ပေးမှုကြောင့် ပြည်သူ အများ ကျေးဇူးတင်ဝမ်းမြောက်နေကြသည်။ မိုးပွင့်(၂)၏ ဆောင်ရွက်ချက်ကြောင့် လုပ်ငန်းအတွက် ကုန်ကျစရိတ်များအပေါ် ကွဲကွဲပြားပြားသိရှိခဲ့ကြသလို ယင်းကုန်ကျ စရိတ်များအား တာဝန်ရှိသူများ၊ အလှူရှင်များက ပြည်သူများအတွက် စိုက်ထုတ် ပေးလှူမှုများကလည်း နေရာအနှံ့ပင်။ ကျွန်တော်က စိတ်ဝင်တစားရှိလာ၍ ကြုံလျှင် ကြုံသလို လိုက်ကြည့်ရင်းက အမှန်ကိုမြင်တွေ့ခဲ့ရသည်။ လက်တွေ့မြင်ကွင်းများက ကြည်နူးပီတိဖြစ်စရာ။

နိုင်ငံတော်အစိုးရသစ်၏ ပြည်သူများအတွက် ဆောင်ရွက်ချက်များအနက် ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ချက်များထဲက တစ်ခုအဖြစ် ပြည်တွင်းတွင်သာမက ပြည်ပအဖွဲ့အစည်းတချို့က အသိအမှတ်ပြုကြောင်းလည်း ကြားသိရသည်။ ယင်းလုပ်ငန်းအတွက် တတ်နိုင်သမျှ ပံ့ပိုးကူညီလိုပါကြောင်း ကမ်းလှမ်းလာမှုများပင် ရှိနေကြောင်းကိုလည်း တာဝန်ရှိသူတစ်ဦးနှင့်တွေ့စဉ်က ကြားသိခဲ့ရသည်။

မိုးပွင့်(၂) ပြီးတော့ ဧပြီ၊ မေ နှစ်လ နားခဲ့သည်။ ထုံးစံအတိုင်း မှတ်တမ်းမှတ်ရာ စာရင်းဇယားများရေးသွင်း သိုမှီးသိမ်းဆည်းသည့်ကာလဖြစ်မည်။ ယခုထပ်မံ၍ **မိုးပွင့် အဆင့်(၃)အဖြစ် ဇွန်လထဲတွင် စဦးမည်ဟု ကြားရပြန်သည်။** အဓိက မိုးပွင့်(၁)နှင့် (၂)ဆောင်ရွက်စဉ်က ကျန်ခဲ့သည်များကို ကောက်သင်းကောက်ဆောင်ရွက်ခြင်း၊ ယခင်စီမံချက်များက မရောက်ခဲ့သည့် ဝေးလံခေါင်သီဒေသများ၌ ညအိပ်ညနေ သွားရောက်ဆောင်ရွက်ခြင်းဟု သိရသည်။ **ပြည်သူတွေအတွက် နိုင်ငံတော်၏ စေတနာမိုးပွင့်စက်များပင်။**

အစိုးရသစ်၏ လမ်းညွှန်မှုအောက်တွင် အများအကျိုးအတွက် လမ်းကြောင်းမှန်ဖြင့် ချီတက်နေကြသော ဝန်ကြီးဌာနများကို ကျွန်တော်လေးစားပါသည်။ စေတနာ ကိုမသိ၊ မပြည့်မစုံကိုးကား၊ နှုတ်စကားတွေနဲ့အားမနာလျှာမကျိုး ပြောနေသူတွေ အချို့ကို တွေ့ရပြန်တော့ စိတ်ပျက်မိပြန်သည်။ Seeing is beliving ဆိုသကဲ့သို့ မြင်မှယုံမည်ဆိုလျှင် တစ်ချက်လောက်တော့ ငဲ့စောင်းကြည့်လိုက်ပါ။ အတွင်းသို့ ထဲထဲဝင်ဝင် ကြည့်ကြစမ်းပါဟုသာ ပြောချင်သည်။ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့် ညီရမည်ကိုတော့ မမေ့သင့်။ ကျွန်တော်က ဌာနတစ်ခု၏ ဝန်ထမ်းတစ်ဦးပါ။ စာရေး ဆရာလည်းမဟုတ်ပါ။နိုင်ငံသားစိစစ်ရေးကတ်ပြား ခြောက်ကျပ်နှင့်ဆောင်ရွက်ပေးတယ် ဆိုတာ ဖြစ်နိုင်ပါ့မလားဆိုသည့် သံသယစိတ်နှင့် လိုက်တိုးကြည့်ရင်းက မျက်မြင် ကိုယ်တွေ့အဖြစ်မှန်တွေအတွက် မျှဝေခံစားစေလို၍ ရေးသားဖော်ပြရခြင်းသာပါ။

မည်သို့ပင်ဆိုစေ **“အများအကျိုး ရှက်သယ်ပိုးက ခနိုးခနဲ့ ဆိုကဲ့ရဲ့လည်း မရွံ့ မစောင်း ကိုယ့်လမ်းကြောင်းကို စိတ်ကောင်းနှင့်ယှဉ် ရှေးရှုနှင်လော့”** ဟူသည့် ရွှေဟင်္သာဆရာတော်ကြီး၏ အဆုံးအမအတိုင်း ဦးတည်ချက်၊ ရည်မှန်းချက်များကို ယုံကြည်ချက်၊ ခံယူချက်ရှိရှိဖြင့် အားသွန်ခွန်စိုက် ကြိုးပမ်းဖော်ဆောင်သင့်သည်သာ။

ထို့အတူ နိုင်ငံတော်၏ သားသမီးများဖြစ်သည့် လဝကဝန်ထမ်းများက အမိ အဖ၊ ပြည်သူတို့အတွက် ကြဖြန့်ပေးနေသည့် **ပြည်သူအတွက် စေတနာမိုးပွင့်ပန်းတို့က တောင်ပေါ်မြေပြန့်နေရာအနှံ့ လွှမ်းခြုံဖူးပွင့်နေကြမည်သာ ဖြစ်ပါကြောင်း** အများ ကိုယ်စား မုဒိတာပွားလိုက်ရပါသည်. . . . ။

အမှိုက်ကန်များတွင် စွန့်ပစ်နိုင်မှုအချိန်တိုး၍ ခွင့်ပြုသတ်မှတ်ပေး

ရန်ကုန် မေ ၃၀

အမှိုက်ကန်များတွင် အမှိုက်စွန့်ပစ်မှုနှင့်ပတ်သက်၍ မူလအချိန်ထက်တိုး၍ ခွင့်ပြုသတ်မှတ်ပေးမှုကို ဇွန် ၁ ရက်မှ စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ သိရသည်။

ရန်ကုန်မြို့တော်အတွင်း စွန့်ပစ်အမှိုက်များနှင့်ပတ်သက်၍ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီသည် ခေါင်းလောင်းတီးလှည်း၊ ခေါင်းလောင်းတီးယာဉ်များဖြင့် သိမ်းဆည်းခြင်းအပြင် အမှိုက်ကန်များထားရှိ၍ ညနေ ၆ နာရီမှ ည ၁၁ နာရီအတွင်း စွန့်ပစ်မှုကို လက်ခံခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

“လူထုအနေနဲ့ ဘာတွေအခက်အခဲရှိမလဲ၊ ကျွန်တော်တို့ဘက်က ဘာတွေလုပ်ပေးရဦးမလဲဆိုတာတွေနဲ့ ပတ်သက်လို့ ကျွန်တော်တို့ဟာ လူထုအသံကိုနားစွင့်ခဲ့တယ်။ညနေ ၆ နာရီကနေ ည ၁၁ နာရီအစား အမှိုက်ကန်တွေမှာ ပစ်ချင်တဲ့အချိန်ပစ်လို့ရအောင် ပစ်ခွင့်ပေးပါဆိုပြီးတော့ တောင်းဆိုလာကြတယ်”ဟု ၎င်းက ပြောပြသည်။ ထို့ကြောင့် အမှိုက်ကန်များတွင် မူလကသတ်မှတ်ထားသည့် ညနေ ၆ နာရီမှ ည ၁၁ နာရီအပြင် နံနက် ၆ နာရီမှ ၁၀ နာရီအထိ အမှိုက်ပစ်နိုင်ရန် တိုးမြှင့်ခွင့်ပြုပေးခဲ့ခြင်းဖြစ်သည်။

အမှိုက်ကန်မှ အမှိုက်များကို သိမ်းဆည်းရာတွင် လင်းပြောင်စနစ်ဖြင့် ညအချိန်တွင် စွန့်ပစ်ထားသည့်အမှိုက်များကို နံနက်လင်းသည့်အခါ အပြောင်ရှင်းစနစ်ဖြင့် သိမ်းဆည်းနေရခြင်းဖြစ်သည်။ အမှိုက်ကန်များတွင် သတ်မှတ်ချိန်မထားဘဲ စွန့်ပစ်ခွင့်ပြုထားပါက ကန်အစောင့်ချမထားသည့်နေရာတွင် အမှိုက်ပစ်သူများမှာ ကန်အတွင်းသို့ ရောက်အောင်မပစ်ခြင်းကြောင့် အပြင်တွင် အမှိုက်များစုပုံနေတတ်ပြီး ယင်းအခြေအနေကို တစ်စုံတစ်ယောက်မှ တွေ့မြင်သည့်အခါ အမှိုက်ကန်အတွင်း သေချာစွာ လေ့လာမကြည့်ဘဲ စည်ပင်သာယာမှ အမှိုက်များ သိမ်းဆည်းခြင်းမရှိဟု လွဲမှားစွာ ယူဆစွပ်စွဲပြောဆိုလာနိုင်ခြင်းများကြောင့်လည်း ပါဝင်ကြောင်း သိရသည်။ (၆၈၀)

ရွှေတိဂုံစေတီတော်ပုံတူတည်ထားကိုးကွယ်ရန်အတွက် မတည်ငွေလှူဒါန်း

မန္တလေး မေ ၃၀

စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုး သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိသီတဂူဆရာတော် တည်ဆောက်လျက်ရှိသည့် သီတဂူအပြည်ပြည်ဆိုင်ရာ ဝိပဿနာအကယ်ဒမီ၌ တည်ထား ကိုးကွယ်မည့် ရွှေတိဂုံစေတီတော်ပုံတူအတွက် အလှူရှင် မန္တလေးမြို့ ချမ်းအေးသာစံ မြို့နယ် (၇၄)လမ်း၊ (၂၉)လမ်းနှင့် လမ်း(၃၀)ကြားနေ ဦးမြင့်မောင်-ဒေါ်ချိုချိုညွန့် (ပြည့်စုံ မြေပဲစက်နှင့် ကတ္တားအမျိုးမျိုးရောင်းဝယ်ရေးကုမ္ပဏီလီမိတက်)မိသားစုက ပထမအကြိမ် မတည်လှူဒါန်းငွေကျပ် သိန်း ၃၅၀ လှူဒါန်းခြင်း ရေစက်ချမင်္ဂလာကို မေ ၂၈ ရက် နံနက် ပိုင်းက သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိကျောင်းဆောင်၌ ကျင်းပခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)** ကိုယ်ပွား(မန္တလေး)

ကျောင်းအပ်နှံရေးနေ့ကျင်းပ

ရန်ကုန် မေ ၃၀

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ်၏ ၂၀၁၂-၂၀၁၃ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို မေ ၂၉ ရက် နံနက် ၁၀ နာရီတွင် ခရမ်းမြို့ အထက(၁) စိန်ရတုခန်းမ၌ ကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးစိန်သန်းအောင်က ကျောင်းနေအရွယ်ကလေးများ ကျောင်းနေရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းပြောကြားပြီး အလှူရှင်များက ကျောင်းသုံးဗလာစာအုပ်များ၊ စာရေးကိရိယာများနှင့် ဝတ်စုံများကို ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ (သတင်းစဉ်)

တာမွေမြို့နယ် စာရေးဆရာအသင်း ရွေးချယ်

ရန်ကုန် မေ ၃၀

ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ မျက်နှာစုံညီအစည်းအဝေးနှင့် စာရေးဆရာအသင်း ပြန်လည်ရွေးချယ်တင်မြှောက်ပွဲကို မေ ၁၃ ရက်တွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေး မှူးရုံး၌ ကျင်းပရာ တာမွေမြို့နယ် စာရေးဆရာအသင်း ကော်မတီဝင်များ အဖြစ် ဥက္ကဋ္ဌ ဦးစိန်ဝင်း (မောင်နေလ)၊ ဒုတိယဥက္ကဋ္ဌ ဦးညွန့်တင်(ညွန့်ဇေယျာ)၊ အတွင်းရေးမှူး ဦးသက်ခိုင်(နောင်စက်မှု)၊ တွဲဖက်အတွင်းရေးမှူး ဦးကျော်မင်းဟန် (ကျော်မင်းဟန်)၊ ဘဏ္ဍာရေးမှူး ဦးဆန်းမင်း (ဦးသန့်-လာဘ်မိုးစွေ)၊ အမှုဆောင်အဖွဲ့ဝင်များအဖြစ် ဦးမြင့်စော (မဟာဝိဇ္ဇာ)နှင့် ဦးမောင်မောင် (ဦးဝင်းကျော်)တို့ ခုနစ်ဦးအား ရွေးချယ်ခဲ့သည်။

ညီလာခံ ကိုယ်စားလှယ်များအဖြစ် ဥက္ကဋ္ဌ ဦးစိန်ဝင်း(မောင်နေလ)နှင့် ဦးဆန်းမင်း (ဦးသန့်-လာဘ်မိုးစွေ)တို့အား ရွေးချယ်ခဲ့ကြကြောင်း သိရသည်။ (ကြေးမုံ)

ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးလှမောင်တင် ၂၀၁၂-၂၀၁၃ ပညာသင်နှစ် ရခိုင်ပြည်နယ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။
(သတင်းစဉ်)

ဦးမျိုးမြင့်သန်းအား ဘင်္ဂလားဒေ့ရှ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်

နေပြည်တော် မေ ၃၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ဦးမျိုးမြင့်သန်းအား ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီးဖြစ်သည်။

(သတင်းစဉ်)

ရခိုင်ပြည်နယ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားနှင့် ခရိုင်ပေါင်းစုံ ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် မေ ၃၀

၂၀၁၂-၂၀၁၃ ပညာသင်နှစ် ရခိုင်ပြည်နယ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၂၈ ရက် နံနက် ၉ နာရီတွင် စစ်တွေမြို့ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း မဟာပညာကျော် ခန်းမ၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်က အမှာစကားပြောကြားပြီး အလှူငွေများ၊ ကျောင်းဝတ်စုံနှင့် ကျောင်းသုံးပစ္စည်းများကို ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ပြည်နယ်လူမှုရေးဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်၏ ဇနီးနှင့် ပြည်နယ်ဝန်ကြီးများနှင့် ဇနီးများက အလှူငွေများနှင့် ကျောင်းဝတ်စုံများကို ထောက်ပံ့ပေးအပ်ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် ကျောင်းတက်လမ်း အမှတ်(၂၃) အခြေခံပညာမူလတန်းကျောင်းနှင့် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းများ၌ ကျောင်းအပ်နှံနေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် စစ်တွေမြို့ ဝေသာလီအားကစားခန်းမ၌ ကျင်းပသည့် ၂၀၁၂ ခုနှစ် ရခိုင်ပြည်နယ် ဝန်ကြီးချုပ်ဒိုင်း ခရိုင်ပေါင်းစုံ အမျိုးသား အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ စစ်တွေခရိုင်အသင်းနှင့် သံတွဲခရိုင်အသင်း အမျိုးသမီးပွဲစဉ်နှင့် စစ်တွေခရိုင်အသင်းနှင့် သံတွဲခရိုင်အသင်း အမျိုးသားပွဲစဉ်တို့ ယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ဒုတိယဝန်ကြီး ဦးဟန်စိန်နှင့် ဒုတိယဝန်ကြီး ဦးစိုးတင့် ကျောက်ဆည်-ပြင်ဦးလွင်-မိုးကုတ်လမ်း (ပြင်ဦးလွင်-မိုးကုတ်လမ်းပိုင်း) ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၃၀

သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟန်စိန်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်တို့သည် မေ ၂၇ ရက် နံနက်ပိုင်းတွင် ကျောက်ဆည်-ပြင်ဦးလွင်-မိုးကုတ်လမ်း(ပြင်ဦးလွင်-မိုးကုတ်လမ်းပိုင်း)ကို ကြည့်ရှုစစ်ဆေးကြပြီး ပြင်ဦးလွင်ခရိုင် အင်ဂျင်နီယာမှူးရုံး၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဒုတိယအင်ဂျင်နီယာချုပ်နှင့် ခရိုင်အင်ဂျင်နီယာမှူးတို့အား တွေ့ဆုံကြသည်။

ထို့နောက် ဒုတိယဝန်ကြီးများသည် လမ်းတစ်လျှောက် ကျောက်၊ ကတ္တရာခင်းခြင်း၊ လမ်းချဲ့ခြင်းနှင့် လမ်းဘေးဝဲ/ယာရေမြောင်းများ ဖောက်လုပ်ထားရှိမှု၊ လမ်း အတက်၊ အဆင်း ပြေပြစ်အောင် ဆောင်ရွက်ထားရှိမှု၊ တောင်နံရံချဲ့ထားမှုများ၊ မိုင်တိုင်အမှတ်(၄၂/၂)တွင် အတက်၊ အဆင်းမတ်စောက်သော နေရာအား လက်ရှိမတ်စောက်မှု (Gradient) ၁၈ ရာခိုင်နှုန်းရှိနေသဖြင့် မတ်စောက်မှု (Gradient) ရှစ်ရာခိုင်နှုန်း ရရှိအောင် လမ်းအူကြောင်းအသစ် ဖောက်လုပ်မည့်နေရာနှင့် လမ်း/တံတားများကို ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရှေးဟောင်းအုတ်တိုက်မျက်နှာကြက် ဖျက်ရာမှ ကျည်မျိုးစုံ ၁၇၄ တောင့်တွေ့

မန္တလေး မေ ၃၀

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် သီရိဟေမာအနောက်အကွက် (၂၃၉) ၂၆ ဘုရင့်နောင်လမ်း အမှတ်(၂၈)ရှိ ရှေးဟောင်းနှစ်ထပ်မျက်နှာကြက်ဖျက်ရာမှ ပန်းရန်လုပ်သား ကျော်မျိုးထက်က ကျည်ဆန်များ တွေ့ရှိခဲ့ရာ တွေ့ရှိသည့်ကျည်အမျိုးအစားများမှာ ဒသမ ၃၀၃ ထိပ်ဖူးမပါ ကျည် ၁၂၅ တောင့်၊ SDW ပွိုင့် ၃၈ ကျည် ၃၈ တောင့်၊ ပွိုင့် ၃၂ ကျည်ခြောက်တောင့်၊ ပွိုင့် ၃၀ ကျည် တစ်တောင့်၊ ၉မမ တစ်တောင့်၊ ၇ ဒသမ ၆၂ ကျည်သုံးတောင့်တို့တွေ့ရှိသဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများထံ အပ်နှံခဲ့သည်။

အဆိုပါ ရှေးဟောင်းနှစ်ထပ်တိုက်မှာ အကယ်ဒမီဆုရ သကြၤန်မိုးဇာတ်ကားတွင် မင်္ဂလာဧည့်ခံပွဲ ဇာတ်ဝင်ခန်းရိုက်ကူးခဲ့သည့် တိုက်ဖြစ်ကြောင်း သိရသည်။

မောင်စေတနာ(မန္တလေး)

သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟန်စိန်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်တို့ ကျောက်ဆည်-ပြင်ဦးလွင်-မိုးကုတ်လမ်း(ပြင်ဦးလွင်-မိုးကုတ်လမ်းပိုင်း)၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဆိုင်ကယ်ကုမ္ပဏီများ မန္တလေးဈေးကွက်ဝင်ရောက် ကုန်သွယ်ခွန်လျှော့၍ ဆိုင်ကယ်ဈေးများကျဆင်း

မန္တလေး မေ ၃၀

မော်တော်ဆိုင်ကယ်များ နယ်စပ်လမ်းကြောင်းများမှ တရားမဝင်တင်သွင်းမှု ပပျောက်စေရေးအတွက် တစ်ဖက်နိုင်ငံရှိ မော်တော်ဆိုင်ကယ်ကုမ္ပဏီများကို မြန်မာနိုင်ငံ အရောင်းကိုယ်စားလှယ်ရုံးများ ဖွင့်လှစ်ခွင့်ပြုခဲ့ရာ မန္တလေးဈေးကွက်၌ တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံတို့မှ ကုမ္ပဏီများ ဝင်ရောက်လာကာ အရောင်းဆိုင်ကြီးများ ဖွင့်လှစ်လာကြသည်။**(အပေါ်ပုံ)** မန္တလေးမြို့တွင် ထိုင်းနိုင်ငံမှ ယာမဟာ၊ ဆူဇူကီး၊ ဟွန်ဒါ၊ တရုတ်နိုင်ငံမှ ဂျာလင်း၊ ကင်ဘို၊ ရင်ဇင်း၊ ဟန်ဆင်း၊ ဂျပန်-တရုတ်ဖက်စပ် YAMASUKI၊ SYM ကုမ္ပဏီများ ဝင်ရောက်လာခဲ့သည်။ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနမှ ကုန်သွယ်ခွန်များ လျှော့ချခြင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှလည်း ဖြေလျှော့ခြင်းများကြောင့် မော်တော်ဆိုင်ကယ်ဈေးများလည်း ကျဆင်းသွားခဲ့သည်။ ကုမ္ပဏီအမည်ပေါက် ၂၀ယ/......နှစ်နှစ် သက်တမ်းရှိ စူပါကပ်တစ်စီး ကျပ် ၄၈၀၀၀၀၊ 110 Y2K ကျပ် ၅၂၀၀၀၀၊ ရုပ်ဆိုး ကျပ် ၅၅၀၀၀၀၊ အမျိုးသားစီး DT ကျပ် ၈၅၀၀၀၀ ခန့်၊ ထိုင်းနိုင်ငံလုပ် ဆိုင်ကယ်များ ကျပ် ၁၅၀၀၀၀၀ ခန့်ဖြင့် ရောင်းချလျက်ရှိသည်။ မြို့နေပြည်သူများ နံပါတ်ပါလိုင်စင်ရှိ ကုမ္ပဏီဆိုင်ကယ်များ ဝယ်ယူစီးနင်းကြသော်လည်း မန္တလေးမြို့တော် စည်ပင်သာယာနယ်နိမိတ်ပြင်ပနှင့် နယ်မြို့များတွင် ကျပ် ၃၅၀၀၀၀ ခန့်ရှိ လိုင်စင်မဲ့ဆိုင်ကယ်များ ဝယ်ယူစီးနင်းကြကြောင်း သိရသည်။ (၆၅၃)

ဥတုရာသီ တောကိုမှီ၏

ရမည်းသင်းမြို့နယ် မြို့လှအုပ်စုတွင် အများသုံးကန်များ ပြန်လည်တူးဖော်

ရမည်းသင်း မေ ၃၀

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် မြို့လှအုပ်စုတွင် အများသုံးကန်များကို ဒေသဖွံ့ဖြိုးရေးအတွက် ကိုယ့်အားကိုယ်ကိုး ပြန်လည်တူးဖော်ခြင်းလုပ်ငန်းများ လုပ်ဆောင်ခဲ့သည်ဟု သိရသည်။

မြို့လှရွာအရှေ့ဘက်ရှိ အင်းဝင်းကန်ကြီးကို မြေတူးစက်ဖြင့် မေ ၁၃ ရက်မှ ၁၇ ရက်ထိ ကန်တူးဖော်ခြင်းကို လုပ်ဆောင်ခဲ့သည်ဟုသိရပြီး ကန်အတွင်း အရှေ့အနောက်အရှည်ပေ ၂၀၀၀၊ တောင်မြောက်အရှည်ပေ ၅၀၀၊ ကန်ပေါင်အကျယ် ၂၅ ပေ၊ အမြင့် ၁၂ ပေကျော် ကန်အတွင်းမှ တူးမြေများဖြင့် ဖို့တင်ပေါင်ဆင့်ခြင်းလုပ်ငန်းများ ပြုလုပ်ခဲ့သည်။ **(အောက်ပုံ)**

ပြည်ခိုင်ဖြိုးပါတီက မြေတူးစက်စီစဉ်ပေးခဲ့သည့်အတွက် မြို့လှအုပ်စုအကျိုးဆောင်အဖွဲ့၏ဦးဆောင်မှုဖြင့် တူးဖော်ခဲ့ခြင်းဖြစ်သည်ဟု သိရပြီး ကချင်ပြည်နယ် ဗန်းမော်မြို့နေ ကိုဇော်မျိုးဦး-မဇော်လှထုမိုင် မိသားစုက မတည်အလှူငွေ ကျပ် ၁၀ သိန်း၊ မြို့လှအုပ်စု အများကောင်းမှုဖြင့် ငွေကျပ်ငါးသိန်း၊ စုစုပေါင်း ငွေကျပ် ၁၅ သိန်းအကုန်အကျခံကာ ပြန်လည်တူးဖော်ခဲ့ခြင်းဖြစ်သည်။

အလားတူပင် မြို့လှအုပ်စု သီးကုန်းရွာ သီးကုန်းကန်ကိုလည်း မြို့လှအလယ်ကျောင်းတိုက် ဆရာတော်များ၊ သီးကုန်းရွာအကျိုးဆောင်အဖွဲ့များက ကန်တူးဖော်ခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့သည်ဟု သိရသည်။

ယခုကဲ့သို့ မိုးကြိုကာလတွင် အများသုံးကန်များကို ပြန်လည်တူးဖော်ဆယ်ဖို့ထားခြင်းဖြင့် ကန်အတွင်းရေများ ယခင်ကထက် ပိုမိုသိုလှောင်နိုင်ခြင်း၊ သုံးရေအတွက် အခက်အခဲမရှိခြင်း၊ ကန်အနီးလယ်ယာမြေများစိုက်ပျိုးရေအတွက် အဆင်ပြေမှုရှိခြင်းနှင့် မမျှော်လင့်သော သဘာဝဘေးအန္တရာယ်အတွက် ကြိုတင်ကာကွယ်ထားခြင်းဖြစ်သည်ဟု မြို့လှအုပ်စုအကျိုးဆောင်အဖွဲ့ဦးကျော်ဝင်းနှင့် ဦးဝင်းမောင်တို့က ပြောသည်။ (၆၅၄)

စပါးဝယ်လက်လျော့၍ တောင်သူများ ခက်ခဲမှုကြုံတွေ့

ရေတာရှည် မေ ၃၀

ရေတာရှည်မြို့နယ်အတွင်း နွေစပါးစိုက်တောင်သူများသည် စပါးရိတ်သိမ်းခြွေလှေ့လျက်ရှိပြီး ထွက်ရှိလာသည့် စပါးများ **(အပေါ်ပုံ)**အား ဝယ်လက်မရှိ၍ အခက်အခဲများစွာဖြင့် ကြုံတွေ့ရလျက်ရှိကြောင်း ဒေသခံတောင်သူများက ပြောပြသည်။

လုပ်ငန်းခွင်ဝင်ပြီဆိုသည်နှင့် စပါးရိတ်ခ၊ သယ်ခ၊ ခြွေလှေ့စရိတ်၊ လယ်ယာလုပ်သားစရိတ်စကများ အစရှိသည့်ကုန်ကျစရိတ်များပေးချေရန် တောင်သူများမှာ ငွေကြေးလိုအပ်၍ရိတ်သိမ်းမည့်စပါးများကို ရောင်းချသည့်အခါ ဝယ်ယူမည့်သူမရှိ၍ ငွေပေးချေရန်အတွက် ခက်ခဲမှုများရှိကြောင်း သိရသည်။ "စပါးဈေးကလည်း ရွှေသွယ်ရင် တင်း ၁၀၀ ကို နှစ်သိန်းလေးသောင်း၊ မနောသုခကို နှစ်သိန်းခြောက်သောင်းပဲရှိတယ်၊ စပါးရိတ်တဲ့လူတွေကလည်း ရိတ်ပြီးတာနဲ့ ငွေတန်းလိုချင်တယ်၊ တောင်သူဆိုတာက ငွေပိုငွေလျှံရှိတာမဟုတ်ဘူး၊ စပါးကလည်း ရောင်းမရတော့ မရှိ ရှိတာလေးတွေ ပေါင်နှံရောင်းချပြီးပေးရတော့တာပဲ" ဟု တောင်သူတစ်ဦးက ရှင်းပြသည်။ စပါးစိုက်တောင်သူများအနေဖြင့် စပါးဝယ်ယူမည့်သူများကို ခုနစ်ရက်၊ ရှစ်ရက် အဆိုင်းအကြွေးရောင်းနေရပြီး နေ့စဉ် စပါးဝယ်သူကို မျှော်နေရသည်ဟု အထက်ပါတောင်သူကပင် ပြောပြသည်။

ယခုအချိန်သည် နွေစပါးရိတ်သိမ်းချိန်တွင် မိုးတစ်ပြိုက် နှစ်ပြိုက် နေ့စဉ်ရွာသွန်းလာသည့်အခါ စပါးများမိုးမမိစေရန် ဆောင်ရွက်ကြရသည်မှာလည်း အလွန်ပင်ဒုက္ခရောက်ကြရသည်ဟု ဒေသခံတောင်သူများ၏ ပြောပြချက်အရ သိရသည်။ (၅၇၈)

❐ **ရှေ့ဖုံးမှ**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုပါဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ကဏ္ဍအလိုက် ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းနိုးပွင့်လင်းစွာ ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ လွှတ်တော်ကော်မတီဥက္ကဋ္ဌများနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဂျာမန်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျာမနီနိုင်ငံ သံအမတ်ကြီး H.E. Mr. Christian- Ludwig Weber- Lortsch တို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

ဧည့်လမ်းညွှန် (အခြေခံ)သင်တန်း အောင်စာရင်းများ ထုတ်ပြန်မည်

နေပြည်တော် မေ ၃၀

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနသည် မြန်မာ့ခရီးသွားလုပ်ငန်း စနစ်တကျဖွံ့ဖြိုးတိုးတက်စေရန်အတွက် လူ့စွမ်းအားအရင်းအမြစ်များ လေ့ကျင့်ပျိုးထောင်ရန် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာသင်တန်းများ၊ ဧည့်လမ်းညွှန်သင်တန်းများ၊ ဧည့်ဝန်ဆောင်မှု သင်တန်းများကို စဉ်ဆက်မပြတ် ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ခရီးသွားလုပ်ငန်းဆိုင်ရာ သင်တန်းကျောင်း၌ ဖွင့်လှစ်မည့် ဧည့်လမ်းညွှန်(အခြေခံ)သင်တန်း အမှတ်စဉ်(၄၁)အတွက် မေ ၂၀ ရက်တွင် ရန်ကုန်မြို့ ဗိုလ်တထောင်ဘုရားလမ်းရှိ အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်၌ ကျင်းပခဲ့သော သင်တန်းဝင်ခွင့်စာမေးပွဲအောင်စာရင်းများကို မေ ၃၁ ရက်တွင် ရန်ကုန်မြို့ရှိ ခရီးသွားလုပ်ငန်းဆိုင်ရာ သင်တန်းကျောင်း၌ ထုတ်ပြန်ကြေညာသွားမည် ဖြစ်ကြောင်း။

သင်တန်းဝင်ခွင့်ရရှိသူများသည် မေ ၃၁ ရက်မှ ဇွန် ၃ ရက်အတွင်း ခရီးသွားလုပ်ငန်းဆိုင်ရာ သင်တန်းကျောင်း၌ ကျောင်းအပ်နှံနိုင်ကြပြီး သင်တန်းဖွင့်ပွဲကို ဇွန် ၄ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဝါးတန်းလမ်းရှိ ပန်ဒါဟိုတယ်၌ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

❖ **ကျောဖုံးမှ**

ဖွံ့ဖြိုးမှုအတွက် အခြေခံဖြစ်သဖြင့် နိုင်ငံသားတိုင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအား လက်လှမ်းမီရေးအတွက် ကျန်းမာရေးအသုံးစရိတ်များ စနစ်တကျခွဲဝေသုံးစွဲရေး အလေးပေးဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်အစိုးရကလည်း ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွက် ကျန်းမာရေးအသုံးစရိတ်ကို တိုးမြှင့်ခွင့်ပြုပေးခဲ့ပါကြောင်း၊ အရည်အသွေးပြည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ လွှမ်းခြုံမှုမြှင့်တင်ရေးအတွက် နီးနွှယ်ဝန်ကြီးဌာနများ၊ ပြည်တွင်းပြည်ပမှ လူမှုရေးအဖွဲ့အစည်းများ၊ လူထုအခြေပြုအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့အပြင် ကျန်းမာရေးအသုံးစရိတ်များ စနစ်တကျ အကျိုးရှိစွာ တိုးမြှင့်သုံးစွဲနိုင်ရေးအတွက် အခွန်အခြေပြုကျန်းမာရေးဘဏ္ဍာငွေရှာဖွေခြင်းနှင့် ကျန်းမာရေးအာမခံစနစ်များ အကောင်အထည်ဖော်ဆောင်ရွက်ရန် နည်းလမ်းများ ရှာဖွေလျက်ရှိပါကြောင်း၊ အရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှုများ နိုင်ငံသားတိုင်းလက်လှမ်းမီစေရေး လုပ်ငန်းစီမံချက်များ အောင်မြင်စွာ ဆောင်ရွက်နိုင်မှသာ မြန်မာနိုင်ငံတွင် ကျေးလက်မြို့ပြကျန်းမာရေး စောင့်ရှောက်မှု ကွာဟချက်များ လျှော့ချနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ညီလာခံတွင် (၆၄)ကြိမ်မြောက် ကမ္ဘာ့ကျန်းမာရေးညီလာခံမှ ဆွေးနွေးဆုံးဖြတ်ချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုများအား တင်ပြဆွေးနွေးခြင်းနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ စီမံခန့်ခွဲမှုဘုတ်အဖွဲ့ အစည်းအဝေးများမှ ဆွေးနွေးဆုံးဖြတ်ချက်များကို အတည်ပြုခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ညီလာခံ ညနေပိုင်းအစီအစဉ်များတွင် ကော်မတီ(အေ)နှင့်ကော်မတီ(ဘီ)ဟူ၍ အစည်းအဝေးနှစ်နေရာခွဲပြီးကျင်းပရာ ကော်မတီ(အေ)သဘာပတိအဖြစ် ဘူတန်နိုင်ငံမှ H.E. Mr. Lynopo Zangley Dukpa နှင့် ကော်မတီ(ဘီ) သဘာပတိအဖြစ် အီရန်နိုင်ငံမှ H.E. Dr. Mohammad Hossein Nicknam တို့က ဆောင်ရွက်ကြသည်။ ကော်မတီ(အေ)တွင် နည်းပညာရပ်ဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ ကော်မတီ(ဘီ)တွင် ရန်ပုံငွေခွဲဝေချထားရေး၊ စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာ ကိစ္စရပ်များကို လည်းကောင်း ဆွေးနွေးကြသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်သည် မေ ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် မော်လဒိုက်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး H.E. Dr. Ahmed Jamsheed Mohammed နှင့်လည်းကောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး H.E. Dr. A.F.M.R. Haque နှင့်လည်းကောင်း၊ Global Fund, Executive Management၊ WHO Roll back Malaria Program၊ နိုင်ငံတကာ အဖွဲ့အစည်းများဖြစ်သော International Organization for Migration နှင့် MSF-Holland အဖွဲ့တို့မှ တာဝန်ရှိသူများနှင့်လည်းကောင်း သီးခြားစီတွေ့ဆုံကာ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းဆိုင်ရာ အတွေ့အကြုံများဖလှယ်၍ ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များ ဆွေးနွေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် မေ ၂၈ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းအား အိန္ဒိယကုမ္ပဏီအဖွဲ့ တွေ့ဆုံ သစ်တောစိုက်ခင်းများနှင့် သစ်အခြေခံစက်မှုလုပ်ငန်းများတည်ထောင်ရေးဆွေးနွေး

နေပြည်တော် မေ ၃၀

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းအား အိန္ဒိယနိုင်ငံ MAYAR (INDIA) LTD. Chairman, Mr. AJIT KUMAR SUD နှင့် Executive Director, Mr. ASHIT SUD တို့သည် ယနေ့နံနက် ၁၀ နာရီတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံပြီး MAYAR (INDIA)LTD. မှ မြန်မာနိုင်ငံတွင် သစ်တောစိုက်ခင်းများ တည်ထောင်ပြီး သစ်အခြေခံစက်မှုလက်မှုလုပ်ငန်းများနှင့် စက္ကူပျော့ဖတ်စက်ရုံများ တည်ထောင်ရေးအတွက် ရင်းနှီးမြှုပ်နှံရန်ကိစ္စများကို ဆွေးနွေးကြသည်။**(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန စီမံကိန်းနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်နှင့် သစ်တောဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးအေးမြင့်မောင်တို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

☆ **မော်တော်ဆိုင်ကယ်မှ**

ယမန်နေ့ မွန်းလွဲပိုင်းတွင် အဆိုပါဝန်ကြီးရုံး စုပေါင်းခန်းမ၌ ကျင်းပသည့် မော်တော်ဆိုင်ကယ်များအား အခွန်အခပေးဆောင်၍ ယာဉ်မှတ်ပုံတင်ပြုလုပ်ပေးရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးတွင် ပြောကြားခဲ့သည်။

ဆက်လက်၍ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းသန်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ပြည်ထဲရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက မော်တော်ဆိုင်ကယ်များအား အခွန်အခပေးဆောင်၍ ယာဉ်မှတ်ပုံတင်ပြုလုပ်ပေးရေး စီမံချက်နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီး/ ပြည်နယ်တို့မှ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးများက သိရှိလိုသည်များ မေးမြန်းကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားရာ၌ စီမံချက်တွင် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များမှ အနီးကပ် ကြီးကြပ်၍ ပြည်တွင်းအခွန်များဦးစီးဌာနက အဖွဲ့ခေါင်းဆောင်အဖြစ်တာဝန်ယူပြီး အကောက်ခွန်ဦးစီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့မှ အဖွဲ့ဝင်အဖြစ် ပါဝင်မည်ဖြစ်ကြောင်း၊ မော်တော်ဆိုင်ကယ်လိုင်စင်ပြုလုပ်ရေး စီမံချက်သည် နိုင်ငံတော်အတွက် အခွန်အခရရန် တစ်ခုတည်းကြည့်ပြီး ဆောင်ရွက်သည့် လုပ်ငန်းမဟုတ်ဘဲ ပြည်သူများ တရားဝင်ယာဉ်မှတ်ပုံတင်စေပြီး နည်းမှန်လမ်းမှန်ဖြစ်စေရေး ဆောင်ရွက်ပေးသည့် စီမံချက်ဖြစ်ကြောင်း၊ ပြည်သူများ အမှန်တကယ်အသုံးပြုလိုသော ဆိုင်ကယ်များအား တရားဝင်ကုန်သွယ်မှုလမ်းကြောင်းမှတစ်ဆင့် တင်သွင်းခြင်း၊ အရောင်းပြခန်း (Show Room) များဖွင့်လှစ်၍ စနစ်တကျ ရောင်းချစေခြင်းတို့ဖြင့် တရားမဝင်တင်သွင်းမှု ပပျောက်ရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးစေလိုကြောင်းဖြင့် ပြောကြားခဲ့သည်။

စီမံချက်ကာလကို ၅-၆-၂၀၁၂ ရက်မှ ၄-၁၀-၂၀၁၂ ရက်အထိ (ရုံးချိန်အတွင်း) လေးလ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ သတ်မှတ်ကာလကျော်လွန်သွားပါက နိုင်ငံပိုင်အဖြစ် သိမ်းဆည်းသွားမည်ဖြစ်ပြီး အဆိုပါမော်တော်ဆိုင်ကယ်များအတွက် သတ်မှတ်ကာလအတွင်း ကောက်ခံမည့် အခွန်အခနှုန်းထားများမှာ အကောက်ခွန် = သတ်မှတ်ကာလတန်ဖိုး၏ (၅) ရာခိုင်နှုန်း၊ ကုန်သွယ်လုပ်ငန်းခွန်= သတ်မှတ်ကာလ တန်ဖိုး၏ (၅) ရာခိုင်နှုန်း၊ အာမခံပရီမီယံ = ၂၅၅၀ ကျပ်နှင့် ယာဉ်မှတ်ပုံတင်ကြေး= ၂၂၀၀၀ ကျပ် တို့ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

◆ **လင်းပိုင်ငါးများမှ**

ဂျပန်သိပ္ပံပညာရှင်များသည် လင်းပိုင်ငါးများ၏ အသံကို ဖမ်းယူကာ လူသားနှင့် လင်းပိုင်ငါးအကြား ဆက်သွယ်မှုပြုလုပ်နိုင်ရန် စမ်းသပ်လေ့လာလျက် ရှိကြသည်။

လင်းပိုင်ငါးများနှင့် အဆက်အသွယ်ပြုလုပ်နိုင်မည်ဖြစ်သဖြင့် မိမိအလွန် ဝမ်းမြောက်မိကြောင်း သုတေသီ မစ်ရှီမာက ပြောကြားသည်။

အင်တာနက်။

နိုင်ငံတကာ အားကစားသတင်း

မန်ယူအသင်းနှင့် ကာဂါဝါ သဘောတူညီချက်ရရှိရန် နီးစပ်လာ

မန်ချက်စတာ မေ ၃၀

ပရီမီယာလိဂ်ကလပ် မန်ယူအသင်းသည် ဘွန်ဒက်လီဂါချန်ပီယံ ဒေါ့မွန်အသင်းမှ ကွင်းလယ်ကစားသမား ကာဂါဝါအား ပြောင်းရွှေ့ကြေး ပေါင် ၁၂သန်းဖြင့် ကမ်းလှမ်းခဲ့ရာ သဘောတူညီချက်ရရှိရန် နီးစပ်လာကြောင်း မေ ၃၀ ရက်တွင် ဂျာမနီသတင်းတစ်ရပ်က ဖော်ပြသည်။

အသက်(၂၃)နှစ်အရွယ်ရှိ ဂျပန်နှင့် ဒေါ့မွန်ကွင်းလယ်ကစားသမား ကာဂါဝါနှင့် မန်ယူအသင်းနည်းပြ ဆာအဲလက်စ်ဖာဂူဆန်တို့သည် တွေ့ဆုံဆွေးနွေးရန် ယခင်က ကတိကဝတ်ပြုထားခဲ့ပြီး မန်ယူအသင်းက ကာဂါဝါအား ယခုတစ်ကြိမ်ပြန်လည် ကမ်းလှမ်းလာခဲ့ခြင်းဖြစ်ကြောင်း ဂျာမနီသတင်းဌာနများက သတင်းဖော်ပြသည်။

သို့သော် ကာဂါဝါနှင့် ဖာဂူဆန်တို့၏ သဘောတူညီမှုဆိုင်ရာဆွေးနွေးပွဲများ နောက်ကွယ်တွင် လုပ်ခလစာနှင့် ပတ်သက်သည့် ငွေကြေးကိစ္စရပ်တစ်ခု ရှိနေခဲ့ကြောင်း ဒေါ့မွန်အားကစားဒါရိုက်တာ မိုက်ကယ်ဇိုးက ပြောကြားခဲ့သည်။

မည်သို့ပင်ဆိုစေ ကာဂါဝါနှင့် ဖာဂူဆန်တို့သည် ကာဂါဝါ၏ပြောင်းရွှေ့ကြေးနှင့်ပတ်သက်၍ ပထမဦးစွာ ပေါင် ၁၂ သန်းပေးရေး သဘောတူညီချက်ရရှိရန် နီးစပ်နေပြီး ပြောင်းရွှေ့ကြေး ပေါင် ၁၇ ဒသမ ၅ သန်းအထိ မြင့်တက်လာဖွယ်ရှိနေသည်ဟုဆိုသည်။

ဂျပန်ကွင်းလယ်ကစားသမား ကာဂါဝါသည် ဒေါ့မွန်အသင်းအတွက် ယခုနှစ်ဘောလုံးရာသီပွဲစဉ်အားလုံးတွင် ၁၇ ဂိုးသွင်းယူပေးခဲ့သည်။ ကာဂါဝါသည် ဒေါ့မွန်အသင်းနှင့် စာချုပ်သက်တမ်းတစ်နှစ်ကျန်ရှိနေသေးသော်လည်း ပရီမီယာလိဂ်သို့ထွက်ခွာရန် ဆန္ဒပြင်းပြနေကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ဂျပန်နှင့် ဒေါ့မွန်ကွင်းလယ်ကစားသမား ကာဂါဝါ။

ကာဂါဝါသည် ဒေါ့မွန်အသင်းနှင့် စာချုပ်သစ်ထပ်မံချုပ်ဆိုမည့် သတင်းထွက်နေ သော်လည်း ပရီမီယာလိဂ်သို့ ထွက်ခွာရန် အခွင့်အလမ်းပိုနေကြောင်း ကာဂါဝါ၏ ဒေါ့မွန်အသင်းကစားဖော်မက် ဟွမ်မဲလ်က ပြောကြားခဲ့သည်။

အင်တာနက်။

နိုင်လင်းကြည်

ဆွမ်ဆီးအသင်းနည်းပြ ဘရန်ဒန်ရော့ဂျာ လီဗာပူးအသင်းနည်းပြ ဖြစ်လာနိုင်

လန်ဒန် မေ ၃၀

လီဗာပူးအသင်းသည် ကင်နီဒဲဂလစ်ရှ်အား ထုတ်ပယ်ခဲ့ပြီးနောက် လစ်လပ်နေသော နည်းပြရာထူးအတွက် ဝီဂန်အသင်းမန်နေဂျာ ရောဘတ်တိုမာတီနက်ဇ်အား ကမ်းလှမ်းခဲ့သည်။ သို့သော် ရောဘတ်တိုမာတီနက်ဇ်သည် အမ်ဖီးလ်ကို ဉပေက္ခာပြုကာ အက်စတွန်ဗီလာအသင်းသို့ ခြေဦးလှည့်ခဲ့ခြင်းကြောင့် လီဗာပူးအသင်းသည် ဆွမ်ဆီးအသင်းနည်းပြ ဘရန်ဒန်ရော့ဂျာအား ပစ်မှတ်ထားလာခဲ့ပြီး ယခုသီတင်းပတ်ကုန်တွင် သဘောတူညီချက် ရရှိနိုင်ကြောင်း လီဗာပူးအသင်း တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ဆွမ်ဆီးအသင်းနည်းပြ ရော့ဂျာသည် လီဗာပူးအသင်း နည်းပြဖြစ်လာရန် ရာခိုင်နှုန်းများနေသူဖြစ်ပြီး ၎င်းအနေဖြင့်လည်း လီဗာပူးအသင်း ပူးတွဲပိုင်ရှင် ဂျွန်ဒဗလျူဟင်နရီနှင့် တွေ့ဆုံဆွေးနွေးရန် မျှော်လင့်ထားပြီး ယခုသီတင်းပတ်ကုန်တွင် ၎င်း၏ဆုံးဖြတ်ချက်ကို အတည်ပြုကြေညာမည်ဟုလည်းဆိုခဲ့သည်။

ရော့ဂျာသည် အစောပိုင်းက လီဗာပူးအသင်းနည်းပြဖြစ်လာရေး မျှော်လင့်ထားသူဖြစ်သည်။ သို့သော် လီဗာပူးအသင်းက ဆွမ်ဆီးအသင်းနည်းပြ ရော့ဂျာအား ကမ်းလှမ်းလာခဲ့ခြင်း မရှိကြောင်း ဆွမ်ဆီးအသင်းက ထုတ်ဖော်ပြောကြားခဲ့သော်လည်း လီဗာပူးအသင်း ပူးတွဲပိုင်ရှင် ဟင်နရီသည် ဘော်စတွန်မှ အင်္ဂလန်သို့ ရောက်ရှိခဲ့ပြီး ရော့ဂျာအား လီဗာပူးအသင်းမန်နေဂျာဖြစ်လာရေး ဆွေးနွေးရန်အသင့်ရှိနေသည်ဟု ဆိုခဲ့သည်။

ရော့ဂျာသည် ချယ်လ်ဆီးအသင်းတွင် ဂျို့စ်မော်ရင်ဟို၏ လက်ထောက်နည်းပြလုပ်ခဲ့ပြီး ဝက်ဖို့ဒ်နှင့် ရီးဒင်းအသင်းတို့တွင် ကိုယ်ပိုင်စီမံခန့်ခွဲသည့် နည်းပြဖြစ်လာခဲ့သည်။ ထို့နောက် ဆွမ်ဆီးအသင်းသို့ ပြောင်းရွှေ့ခဲ့သည်။

အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်က စပါးနည်းပြ ဟယ်ရီရက်နက်အား အင်္ဂလန်အသင်းမန်နေဂျာအဖြစ် ခေါ်ယူခဲ့ပါက စပါးအသင်းက ဟယ်ရီရက်နက်နေရာတွင် အစားထိုးရန် ဆွမ်ဆီးအသင်းနည်းပြ ရော့ဂျာအားစပါးအသင်းနည်းပြအဖြစ် လျာထားသတ်မှတ်ထားခံခဲ့ရသူလည်းဖြစ်သည်။

အင်တာနက်။

လီဗာပူးအသင်းနှင့် ဆွေးနွေးမှုပြုလုပ်မည့် ဆွမ်ဆီးအသင်းနည်းပြ ဘရန်ဒန်ရော့ဂျာ။

ပြည်ပတွင်အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းစည်းဝေး

နေပြည်တော် မေ ၃၀

ပြည်ပတွင်အလုပ်လုပ်ကိုင်မှု ကြီးကြပ်ရေးကော်မတီ၏ (၁/၂၀၁၂) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် အလုပ်သမားဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ကော်မတီဥက္ကဋ္ဌ အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က အမှာစကားပြောကြားရာတွင် ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများဆိုင်ရာ (၁၁)ကြိမ်မြောက် မြန်မာ-ထိုင်းနှစ်နိုင်ငံ ညှိနှိုင်းအစည်းအဝေးကို ၂၀၁၂ ခုနှစ် မေ ၁၆ ရက်နှင့် ၁၇ ရက်များတွင် အင်းလေး၌ အောင်မြင်စွာ ပြုလုပ်နိုင်ခဲ့ကြောင်း၊ ထိုင်းနိုင်ငံသို့ လုပ်ငန်းအဖွဲ့ ငါးဖွဲ့ စေလွှတ်နိုင်ခဲ့ပြီး လုပ်ငန်းများကို ၂၀၁၂ ခုနှစ် ဧပြီ ၂၀ ရက်မှစပြီး အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ယခုအခါ ယာယီနိုင်ငံကူးလက်မှတ် နှစ်သိန်းနီးပါး ထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများ၏ သားသမီးများ၊ မှီခိုသူများအား Certificate of Identity (C of I) အသိအမှတ်ပြု အထောက်အထားများ ထုတ်ပေးရေးနှင့် ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများ၏ သားသမီးများ ပညာသင်ကြားရေးအတွက် မြန်မာ-ထိုင်း နှစ်နိုင်ငံ ဆွေးနွေးဆောင်ရွက်လျက်ရှိကြောင်း၊ ယာယီနိုင်ငံကူးလက်မှတ်သက်တမ်းတိုးခြင်းကိစ္စ၊ အလုပ်သမားများအား ကာကွယ်စောင့်ရှောက်ရေးကိစ္စ၊ IOM နှင့် ပူးပေါင်း၍ စီမံချက်များရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်နေသည့် ကိစ္စတို့နှင့် နိုင်ငံတော်အနေဖြင့် ပြည်သူလူထုဗဟိုပြု မဟာဗျူဟာဖြင့် ဆောင်ရွက်ရာတွင် ရွှေ့ပြောင်းလုပ်သားများ၏ အခန်းကဏ္ဍသည် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းရပ်လည်းဖြစ်ကြောင်းနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ သက်ဆိုင်ရာဌာနများမှ အကြံပြုဆွေးနွေးကြရန် မှာကြားသည်။

ထို့နောက် ကော်မတီဝင်များက မြန်မာအလုပ်သမားအများဆုံးသွားရောက်လုပ်ကိုင်လျက်ရှိသော ထိုင်း၊ မလေးရှားနှင့် စင်ကာပူနိုင်ငံတို့မှ အလုပ်သမားများနှင့် ပတ်သက်၍ ကာကွယ်စောင့်ရှောက်ရေးကိစ္စ၊ မိသားစုလွှဲပို့ငွေများ လုံခြုံစွာတရားဝင်လွှဲပို့နိုင်ရေးကိစ္စ၊ ထိုင်းနိုင်ငံမှ ပြန်လည်ပို့ဆောင်ပေးသည့် အလုပ်သမားများအား တရားဝင်လွှဲပြောင်းပို့ဆောင်ရေး၊ ပြန်လည်လက်ခံရေးစခန်းများ စနစ်တကျဖွင့်လှစ်လက်ခံရေး၊ အလုပ်သမားများ နေရပ်ပြန်ပါက လမ်းခရီးတွင် အဆင်ပြေစွာ ပြန်လည်ပို့ဆောင်ရေး၊ နိုင်ငံသားစိစစ်ခြင်းနှင့် ပတ်သက်၍ Online Nationality Verification စနစ်အပြင် ယခင်အတိုင်း ရုံးစာစနစ် (Manual) ဖြင့်လည်း ဆက်လက်ဆောင်ရွက်ရေးကိစ္စများအား ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ပတွင် အလုပ်လုပ်ကိုင်မှု ကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည် ပြည်ပတွင် အလုပ်လုပ်ကိုင်မှု ကြီးကြပ်ရေးကော်မတီ၏ (၁/၂၀၁၂) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရေနံချောင်းမြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကျင်းပ

နေပြည်တော် မေ ၃၀

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၂၆ ရက် နံနက် ၉ နာရီတွင် ရေနံချောင်းမြို့နယ် အထက(၁) နဝဒေးခန်းမ၌ ကျင်းပရာ အမှတ်(၂) အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးသန့်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ပညာရေးမှူး ဦးချစ်ထွေးက ကျောင်းနေအရွယ် ကျောင်းအပ်နှံရေးလုပ်ငန်းစဉ်များကို ပြောကြားသည်။

ထို့နောက် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးသန့်က ကျောင်းသုံးဗလာစာအုပ် ၇၉၂၅ ဒါဇင်နှင့် အလှူရှင်များက ခဲတံများ၊ ကျောင်းစိမ်းလုံချည်များ၊ ကျောင်းသုံးဗလာစာအုပ်များနှင့် အလှူငွေများကို ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

နိုင်ငံရေးပါတီတည်ထောင်ခွင့်များ စိစစ်ခွင့်ပြုပေးလျက်ရှိ

နေပြည်တော် မေ ၃၀

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီ တည်ထောင်ခွင့် လျှောက်ထားချက်များကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ ဦးနိုင်ငွေသိမ်းပါ ၁၅ ဦးတို့က လျှောက်ထားသည့် မွန်ဒီမိုကရေစီပါတီ တည်ထောင်ခွင့်လျှောက်ထားချက်သည် ဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်ကြောင်း တွေ့ရှိရသဖြင့် ကော်မရှင်က ၂၀၁၂ ခုနှစ် မေလ ၃၀ ရက်တွင် နိုင်ငံရေးပါတီ တည်ထောင်ခွင့်ပြုခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၃၁-၅-၂၀၁၂ (ကြာသပတေးနေ့)

၅း၄၀	“မြတ်ဗုဒ္ဓ၏ဝါဒနှင့်ချီးမွမ်းခြင်း (၂)မျိုး” တရားတော် (ဆရာတော်အရှင်ဥတ္တမ)
၇း၅၀	TV Shopping
၁၀း၃၅	Mount Elizabeth Hospital
၂း၂၀	အနုပညာရပ်ဝန်းမှရင်ခုန်သံများ “ရက်(ပ်)ပါရွှေရိုး”
၆း၁၅	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “အဖြူရောင်တိမ်တိုက်လေး” (အပိုင်း-၃၉)**
၇း၂၀	Style ရှိမှ Star ဖြစ်မယ်
၈း၃၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၈း၅၀	အနုပညာမိုးကောင်းကင်
၉း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ဘဝအားမာန်” (အပိုင်း-၅၃)**
၁၀း၃၅	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “နှလုံးသားပုံဖော်ရာ” (အပိုင်း-၂၅)**
၁၁း၁၅	မမကိုလွမ်းတယ်ဗျာ (နေယံ၊ ညီညီလွင်၊ ပိုင်၊ လမင်းအိန္ဒြေ၊ မိုးသျှန်ခ) (ဒါရိုက်တာ- အဓိပတိမောင်မောင်ဦး)
၁၂း၁၅	လူငယ်နှင့်ဆေးလိပ်အန္တရာယ် (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာအောင်ထွန်း)
၄း၁၀	လှမ်းလာခဲ့ပါ. . . နောင်အင်းလေးက ကြိုနေမှာ
၄း၅၀	ဖူးစို့ဘုရားစုံ မြို့ဖျာပုံ

စာ ၁ ပေမြင့်မှ လူမျိုးတင့်မည်

မြန်မာ့ကားလောက တစ်ခေတ်ဆန်းသစ်တော့မည်၊ နိုင်ငံသားတိုင်း ကားတစ်စီးစီ တင်သွင်းခွင့်ရကြပြီ

သတင်းဆောင်းပါး - တင်ထွေး(သတင်းစဉ်)
ဓာတ်ပုံမှတ်တမ်း-ကိုထွေး

မြန်မာနိုင်ငံတွင် ကိုယ်ပိုင်ကားစီးနိုင်သည့်လူတန်းစားမှာ ခေတ်အဆက်ဆက် လက်ချိုးရေတွက်၍ရသည့်လူနည်းစုသာဖြစ်ခဲ့သည်။ လူတစ်ဦးချင်းဝင်ငွေနှင့် ကားတစ်စီး၏တန်ဖိုး အဆပေါင်းများစွာ ကွာဟနေခြင်းက ကိုယ်ပိုင်ကားစီးနိုင်ရန်မှာ တော်ရုံတန်ရုံငွေကြေးရှိရုံဖြင့် လက်လှမ်း၍မမီနိုင်သည့် အခြေအနေတစ်ရပ်ဖြစ်ခဲ့ရသည်။

မော်တော်ယာဉ်တင်သွင်းမှုနှင့်ပတ်သက်၍ အာဆီယံနိုင်ငံများ၏ လူဦးရေနှင့် မော်တော်ယာဉ်အချိုးကို ကြည့်ပါက မြန်မာနိုင်ငံသည် မော်တော်ယာဉ်တင်သွင်းမှု အနည်းဆုံးနိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံ၏ လူဦးရေ သန်း ၅၉ ဒသမ ၈၀ အနက် လူ ၁၀၀၀ ကျော်လျှင် ကားငါးစီးနှုန်းသာ တင်သွင်းနိုင်ကြောင်း စာရင်းဇယားများအရ သိရှိရသည်ဖြစ်ရာ အာဆီယံနိုင်ငံများတွင် ဒုတိယ မော်တော်ယာဉ် အနည်းဆုံးဖြစ်သည့် ဗီယက်နမ်နိုင်ငံကို မီရန် နှစ်ဆနီးပါး ကားစီးရေ ၃ ဒသမ ၈ သိန်းခန့် တင်သွင်းရမည်ဖြစ်သည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရသစ်လက်ထက်တွင် ပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားလာပြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရေးအတွက် ဘက်စုံကဏ္ဍစုံတွင် ပြုပြင်ပြောင်းလဲမှုများကို ပြုလုပ်လျက်ရှိရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် သွင်းကုန်၊ ပို့ကုန်လုပ်ငန်းများနှင့် မော်တော်ယာဉ်တင်သွင်းမှုဆိုင်ရာ အစီအစဉ်များတွင် တစ်ဆင့်ပြီးတစ်ဆင့် ဖြေလျှော့မှုများပြုလုပ်လျက်ရှိသည်။

ပြီးခဲ့သည့် မေ ၇ ရက်က နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး စုဝေးခန်းမ၌ မော်တော်ယာဉ်တင်သွင်းခွင့်ဆိုင်ရာ အစီအစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းပွဲ ပြုလုပ်ခဲ့ပြီး မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်နှင့် မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်များတွင် နိုင်ငံခြားငွေစာရင်းဖွင့်လှစ်ထားသော နိုင်ငံသားများအား ၂၀၀၇ ခုနှစ်နှင့်အထက် မော်တော်ယာဉ်များ (ခရီးသည်တင်ဘတ်စ်ကားမှအပ) ဘယ်မောင်း/ ညာမောင်း မခွဲခြားဘဲ လွတ်လပ်စွာ ဝယ်ယူတင်သွင်းခွင့်ပြုမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ ကြေညာချက်ထွက်ပေါ်ခဲ့ပြီး ရက်ပိုင်းအတွင်းမှာပင် ရန်ကုန်မြို့ရှိ ကားဈေးကွက်၌ ဆလွန်းကားတစ်စီး၏ တန်ဖိုးမှာ လက်ရှိပေါက်ဈေးထက် ကျပ်သိန်း ၅၀ ခန့် ဈေးထိုးကျသွားခဲ့သည်။ ကားဈေးကျဆင်းမှုကြောင့် နစ်နာသူအချို့ရှိသော်လည်း ပြည်သူအများစုအတွက် ဝမ်းမြောက်ဖွယ်ရာ သတင်းကောင်းတစ်ခုပင် ဖြစ်သည်။ ဖြေလျှော့မှုများကို ပြုလုပ်ပေးသည့်အခါတွင် အချို့အချို့သော ပုဂ္ဂိုလ်များ မိမိတို့၏ တွက်ကိန်းအတိုင်း ဖြစ်မလာ၍ ထိခိုက်နစ်နာမှုအချို့ရှိလာနိုင်သော်လည်း အများပြည်သူအကျိုးရှိအောင် ဆောင်ရွက်ရမည်သာဖြစ်ပေသည်။ တစ်ဦးချင်း ကားတင်သွင်းခွင့်ပြုသည့် ကြေညာချက်သည် ငွေကြေးအတန်အသင့် စုဆောင်းထားရှိသူများအတွက် ကိုယ်ပိုင်ကားအသစ်ဝယ်စီးနိုင်ရန် အိပ်မက်လှလှ မက်ခွင့်ရစေခဲ့သည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၏ တတိယအဆင့်အစီအစဉ်အဖြစ် လိုက်သာတစ်ဦးချင်းမော်တော်ယာဉ် တင်သွင်းခွင့် အစီအစဉ်အရ အသက် (၁၈)နှစ်ပြည့်ပြီးသူ နိုင်ငံသားတိုင်း မည်သူမဆို ကားတစ်စီး တင်သွင်းခွင့်ရရှိကြမည်ဖြစ်ပြီး မည်သည့် ထောက်ခံစာမျှ လိုအပ်တော့မည်မဟုတ်ပါချေ။

နိုင်ငံသားတစ်ဦးအနေဖြင့် မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်နှင့် မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေး ဘဏ်များတွင် နိုင်ငံခြားငွေစာရင်း ဖွင့်လှစ်ထားရုံဖြင့် ကားတင်သွင်းခွင့်လျှောက်ထားနိုင်ကြပြီ ဖြစ်သည်။ မိမိတို့၌ နိုင်ငံခြားငွေမရှိပါကလည်း ရန်ကုန်မြို့ရှိ နိုင်ငံခြားငွေ လဲလှယ်ရေးဌာန (Money Changer) များတွင် နိုင်ငံခြားငွေလဲလှယ်၍ အခက်အခဲမရှိ ငွေစာရင်းဖွင့်လှစ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

တစ်ဦးချင်း မော်တော်ယာဉ်တင်သွင်းခွင့်ဆိုင်ရာ ကြီးကြပ်ရေးကော်မတီရုံးအဖွဲ့သည် Registered Group, Foilter Group အဖွဲ့များ ဖွဲ့စည်း၍ တစ်ဦးချင်းမော်တော်ယာဉ် တင်သွင်းလိုသူများ၏ လျှောက်ထားလွှာများကို စိစစ်လက်ခံ ဆောင်ရွက်ပေးလျက်ရှိသည်။ မော်တော်ယာဉ်တင်သွင်းခွင့် သွင်းကုန်ပါမစ်များ နေ့ချင်းပြီးခွင့်ပြုထုတ်ပေးခြင်းကို နေပြည်တော်ရှိ ရုံးအမှတ်(၃) စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာန သွင်းကုန်လုပ်ငန်းဌာနခွဲ၌ ရုံးပိတ်ရက်မှအပ နေ့စဉ် နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ ဆောင်ရွက်ပေးလျက်ရှိသည်။

တစ်ဦးချင်းမော်တော်ယာဉ်တင်သွင်းလိုသူများသည် မော်တော်ယာဉ်တင်သွင်းခွင့်ဆိုင်ရာ ကြီးကြပ်ရေးကော်မတီရုံးအဖွဲ့သို့ တင်ပြလျှောက်ထားရမည်ဖြစ်ပြီး အဆိုပါလျှောက်ထားလွှာတွင် လျှောက်ထားသူအမည်၊ အဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊ နိုင်ငံခြားငွေစာရင်းအမှတ်၊ ဘဏ်ရှိ ငွေပမာဏ၊ တင်သွင်းလိုသည့် မော်တော်ယာဉ်အမျိုးအစားနှင့် ထုတ်လုပ်သည့်ခုနှစ်၊ ဆိပ်ကမ်းအရောက် မော်တော်ယာဉ်တန်ဖိုး၊ အလုပ်အကိုင်နှင့် နေရပ်လိပ်စာတို့ကို ဖော်ပြလျှောက်ထားကြရမည်ဖြစ်သည်။

ယင်းသို့ တစ်ဦးချင်းမော်တော်ယာဉ် တင်သွင်းခွင့် လျှောက်ထားတင်ပြရာတွင် မှတ်ပုံတင်၊ နိုင်ငံသားစိစစ်ရေးကတ်မူရင်းနှင့် မိတ္တူ၊ ဘဏ်စာရင်းမူရင်းနှင့်မိတ္တူ၊ အိမ်ထောင်စုစာရင်းမူရင်းနှင့် မိတ္တူ၊ တင်သွင်းမည့် မော်တော်ယာဉ် Invoice မူရင်း၊ မော်တော်ယာဉ် တင်သွင်းခွင့်ဆိုင်ရာ ကြီးကြပ်ရေးကော်မတီမှ စိစစ်ခွင့်ပြုခဲ့သည့် စာရင်းခေါင်းစဉ်တွင် ပါရှိသော သင်္ဘောသားများ၊ နိုင်ငံခြားတွင် အလုပ်လုပ်ကိုင်သည့် အလုပ်သမားများ၊ နိုင်ငံခြားသံရုံးများတွင် တာဝန်ထမ်းဆောင်ခဲ့သော ဝန်ထမ်းများအပါအဝင် လူပုဂ္ဂိုလ်တစ်ဦးချင်းအား ခွင့်ပြုပါမစ်ထုတ်ပေးခဲ့သည့် စာရင်းတွင်မပါဝင်ကြောင်း ခံဝန်ကတိပြုချက်တို့ ပါဝင်ရမည်ဖြစ်သည်။

တစ်ဦးချင်း မော်တော်ယာဉ်တင်သွင်းရန် သွင်းကုန်ပါမစ်ထုတ်ပေးခြင်းကို ၂၀၁၂ ခုနှစ် မေ ၁၁ ရက်မှ စတင်၍ ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိရာ နေ့အလိုက်သွင်းကုန်ပါမစ် ထုတ်ပေးမှုအနေဖြင့် မေ ၁၁ ရက်တွင် တစ်စီး၊ မေ ၁၂ ရက်တွင် ခုနစ်စီး၊ မေ ၁၅ ရက်တွင် ၁၅ စီး၊ မေ ၁၆ ရက်တွင် ၁၇ စီး၊ မေ ၁၇ ရက်တွင် ၁၄ စီး၊ မေ ၁၈ ရက်တွင် ၄၅ စီး၊ မေ ၂၁ ရက်တွင် ၃၂ စီး၊ မေ ၂၂ ရက်တွင် ၆၈ စီး၊ မေ ၂၃ ရက်တွင် ၆၁ စီး၊ မေ ၂၄ ရက်တွင် ၈၄ စီး၊ မေ ၂၅ ရက်တွင် ၈၆ စီးဖြစ်ပြီး စုစုပေါင်းကားအစီးရေ ၄၃၀ အတွက် သွင်းကုန်ပါမစ်များ ထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန နယ်စပ်ကုန်သွယ်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး မော်တော်ယာဉ်တင်သွင်းခွင့်ဆိုင်ရာ ကြီးကြပ်ရေးကော်မတီ ရုံးလုပ်ငန်း အထောက်အကူပြုအဖွဲ့မှ ဦးသန်းဝင်းက တစ်ဦးချင်းမော်တော်ယာဉ် တင်သွင်းခွင့်ပါမစ် လျှောက်ထားမှုနှင့်စပ်လျဉ်း၍ “တစ်ဦးချင်း ကားတင်သွင်းခွင့် ပါမစ်ခွင့်ပြုပေးခြင်း အပေါ်မှာ ကားတင်သွင်းလိုသူတွေ ပိုမိုကျေနပ်မှုရှိကြပါတယ်။ အရင်က သင်္ဘောသားဆိုရင် ရေကြောင်းပို့ဆောင်ရေးဦးစီးဌာနရဲ့ ထောက်ခံချက်လိုအပ်ပြီး ဘဏ်မှာလည်း အနည်းဆုံး ဒေါ်လာ ၁၀၀၀၀ ရှိရမယ်ဆိုတဲ့ သတ်မှတ်ချက်ရှိပါတယ်။ အခုဆိုရင် ဘယ်သူ့ထောက်ခံချက်မှ မလိုအပ်တဲ့အပြင် နိုင်ငံခြားငွေစာရင်းမှာ ဒေါ်လာ ၅၀၀၀ ရှိရင် ကားတင်သွင်းခွင့် လျှောက်ထားလို့ရပါတယ်။ လက်ရှိကားသွင်း ကုန်ပါမစ်ထုတ်ပေးရတဲ့နေ့အလိုက် အစီးရေကိုကြည့်ရင် တစ်နေ့ထက်တစ်နေ့ ပိုများလာမယ့် သဘောမှာရှိပါတယ်။ နောင်ဆိုရင် ရန်ကုန်မြို့မှာပါ အခုလို ရုံးလုပ်ငန်းပိုင်းဆိုင်ရာတွေ လုပ်ပေးသွားဖို့ အစီအစဉ်ရှိပါတယ်” ဟု ပြောကြားသည်။

နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မော်တော်ယာဉ်တင်သွင်းခွင့်ဆိုင်ရာ ကြီးကြပ်ရေးကော်မတီ၏ တစ်ဦးချင်းမော်တော်ယာဉ်တင်သွင်းခွင့် ပါမစ်အတွက် လျှောက်ထားကြသူများအနက် ကိုယ်တိုင်မော်တော်ယာဉ် တင်သွင်းခွင့်ပါမစ် လျှောက်ထားကြသူအချို့အား တွေ့ဆုံ၍ မေးမြန်းဖြစ်ခဲ့သည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ကျိုက္ကဆံလမ်း တိုက်အမှတ် (၃၆၅) အခန်း (၃၉)၌ နေထိုင်သူ ဦးဇာကေအာမက်က “အရင်က မော်တော်ကားဝယ်စီးဖို့ အိပ်မက်တောင် မမက်ခဲ့ပါဘူး။ အခု နိုင်ငံတော်အစိုးရရဲ့ ကျေးဇူးကြောင့် ကိုယ့်မှာရှိတဲ့စုဆောင်းငွေနဲ့ ပြည်ပမှ မော်တော်ယာဉ်အသစ် (၂၀၀၇ ခုနှစ်ထုတ် Nissan AD-Van 1500 CC အမျိုးအစား) တစ်စီးကို ဒေါ်လာ ၆၆၀၀ နဲ့ ဝယ်ယူဖို့ ကားတင်သွင်းခွင့်ပါမစ် လွတ်လပ်လွယ်ကူစွာ ရရှိတဲ့အတွက် အထူးပဲဝမ်းသာမိပါတယ်” ဟု ပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ဓမ္မဒါနလမ်း အမှတ် (A-7) ၌ နေထိုင်သူ ဒေါ်ကြူကြူဟန်ကလည်း “တစ်ဦးချင်း မော်တော်ယာဉ်တင်သွင်းခွင့်ပြုပေးခြင်းစနစ်အရ Honda Insight 2009 model 1300 CC မော်တော်ယာဉ်တစ်စီးကို ဒေါ်လာ ၅၀၀၀နဲ့ ပြည်ပမှ တိုက်ရိုက်မှာယူတင်သွင်းခွင့်ရတဲ့အတွက် နိုင်ငံတော်အစိုးရကို ကျေးဇူးတင်ပါတယ်။ မော်တော်ယာဉ်တင်သွင်းခွင့်ပါမစ်အတွက် ရုံးကိစ္စဆောင်ရွက်ရာမှာလည်း နေ့ချင်းပြီး ဆောင်ရွက်လို့ရတဲ့အတွက် စိတ်ချမ်းသာမှုရှိပါတယ်” ဟု ပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် အမှတ်(၇၀) ရပ်ကွက် လှော်ကားလမ်း အမှတ် (၅၆-ကခ) ၌ နေထိုင်သူ ဦးသန့်ဇင်ရဲရင့်ကလည်း “အခုလို တစ်ဦးချင်းမော်တော်ယာဉ် တင်သွင်းခွင့်ပြုပေးခြင်းအစီအစဉ်ကြောင့် ပြည်ပမှ မော်တော်ကားအသစ်တွေ မိမိတို့စိတ်ကြိုက်မှာယူတင်သွင်းခွင့်ရရှိတဲ့အတွက် အထူးပဲဝမ်းသာစရာကောင်းပါတယ်။ မော်တော်ယာဉ်တင်သွင်းခွင့်စနစ်ကို အင်တာနက်မှတစ်ဆင့် Commence Website မှာ ရှင်းလင်းစွာကြော်ငြာပေးထားသလို ရန်ကုန်မြို့က မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် (MFTB) မှာလည်း သတင်းတွေဖြန့်ဝေပေးလို့ ပြည်သူတွေ ကျယ်ပြန့်စွာသိရှိလာကြပါတယ်” ဟု ပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် အမှတ်(၃၁) ရပ်ကွက် အမှတ် (၁၄၇) ၌ နေထိုင်သူ ဦးကျော်ကျော်ကလည်း “အခုလို တစ်ဦးချင်းမော်တော်ယာဉ်တင်သွင်းခွင့် သွင်းကုန်ပါမစ်ခွင့်ပြုပေးခြင်းစနစ်က လွယ်ကူရိုးရှင်းတဲ့အတွက် ကားတင်သွင်းလိုတဲ့ ပြည်သူတွေ လွယ်ကူအဆင်ပြေမှုရှိမှာ ဖြစ်ပါတယ်။ ယာဉ်အို ယာဉ်ဟောင်း အစားထိုး မော်တော်ယာဉ်တင်သွင်းခြင်း၊ နိုင်ငံခြား Show Job၊ နိုင်ငံခြားရေးဝန်ကြီးဌာနနဲ့ ကာကွယ်ရေးဝန်ကြီးဌာန စစ်သံရုံးဝန်ထမ်းများ မော်တော်ယာဉ်တင်သွင်းခွင့် လျှောက်ထားတင်ပြခြင်းတွေမှာ တင်သွင်းမှုအရေအတွက် နည်းပါးလာကြပြီး တစ်ဦးချင်းမော်တော်ယာဉ်တင်သွင်းခွင့်အပိုင်းမှာ အရေအတွက် ပိုမိုများပြားလာကြတာကို ကြည့်ရင် ဒီအစီအစဉ်ဟာ ပြည်သူတွေအတွက် ကောင်းမွန်အဆင်ပြေလွယ်ကူတယ်ဆိုတာကို သက်သေပြနေတာပါပဲ” ဟု ပြောကြားသည်။ ။

နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မော်တော်ယာဉ်တင်သွင်းခွင့်ဆိုင်ရာ ကြီးကြပ်ရေးကော်မတီရုံး၌ တစ်ဦးချင်း မော်တော်ယာဉ်တင်သွင်းခွင့်လျှောက်ထားကြသူများအား တာဝန်ကျဝန်ထမ်းများက လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ဆောင်ရွက်ပေးမှုကို တွေ့ရစဉ်။

ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်အား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်
ကြေညာချက်အမှတ် (၂၈/၂၀၁၂)
၁၃၇၄ ခုနှစ်၊ နယုန်လဆန်း ၁၀ ရက်
(၂၀၁၂ ခုနှစ်၊ မေလ ၃၀ ရက်)

ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်အား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ (၃) ရပ်ကွက်၊ အောက်ပုဇွန်တောင်လမ်း၊ အမှတ်(၃၇၃)တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်**အား ၂၀၁၂ ခုနှစ်၊ မေလ ၃၀ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်၏ မှတ်ပုံတင်အမှတ်မှာ (၅၄) ဖြစ်ပါသည်။

အမိန့်အရ

(ပုံ) ဝင်းကို
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

MFF အလွတ်တန်း ဖူဆယ်ပြိုင်ပွဲ ဒုတိယနေ့ ဆက်လက်ကျင်းပ

ရန်ကုန် မေ ၃၀

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား ၂၀၁၂ ခုနှစ် အလွတ်တန်းဖူဆယ်ပြိုင်ပွဲ ဒုတိယနေ့ပွဲစဉ် အဖြစ် ယမန်နေ့က အမျိုးသားအားကစားပြိုင်ပွဲရုံ (၁) သုဝဏ္ဏကွင်း၌ ကျင်းပသော အုပ်စု(ခ) ပြိုင်ပွဲတွင် Victoria University College အသင်း**(ယာပုံ)**က JBL အသင်းအား ရှစ်ဂိုး -တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား အလွတ်တန်းဖူဆယ်ပြိုင်ပွဲတွင် ဖူဆယ်ကလပ်အသင်းပေါင်း ၃၄ သင်းပါဝင်ယှဉ်ပြိုင်လျက်ရှိပြီး အုပ်စု(ခ)တွင် Victoria University College အသင်းနှင့် Best Friend အသင်းတို့ အသီးသီး အနိုင်ရရှိထားသည်။

အုပ်စု(ဂ)တွင် လက်ရှိချန်ပီယံ ACE အသင်းမှ 41 မဟာဖူဆယ်အသင်းအား ၁၃ ဂိုး- နှစ်ဂိုးဖြင့် အနိုင်ရရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

ရေသယ်ဘောက်စာကားနှင့် ဆိုင်ကယ်တိုက်မှုဖြစ်ပွား

ပျဉ်းမနား မေ ၃၀

ပျဉ်းမနားမြို့ ရွာကောက်ရပ်ကွက် ရွှေချို(၉)လမ်းနှင့် ဗိုလ်အောင်ကျော်လမ်းဆုံတွင် မေ ၂၅ ရက် ညနေ ၃ နာရီက ရွာကောက်ပါဠိကွေ့ဘက်မှ ရွှေချို(၆)လမ်းဘက်သို့ ယာဉ်မောင်းအောင်နိုင်(၂၇)နှစ်(ဘ)ဦးအောင်စိန် ယန္တရားရပ်ကွက် သစ်ထုတ်ရေး(မြောက်) ပျဉ်းမနားမြို့နေသူ မောင်းနှင်သော ၈ျ/... ဟီးနိုးရေသယ်ဘောက်စာ အစိမ်းရောင်ခြောက်ဘီးယာဉ်နှင့် ရွှေချို(၉)လမ်း တံတားဘက်မှ ဦးကျေးရပ်ဘက်သို့ ရဲတပ်ကြပ်ကြီး စိုးမြင့်လေး နယ်ထိန်းပျဉ်းမနားရဲစခန်း မောင်းနှင်သော ၂၀ယ/...... Kenbo 110 အနက်ရောင်ဆိုင်ကယ်တို့ တိုက်မိ၍ ဆိုင်ကယ်မောင်းနှင်သူမှာ ဝဲနားသွေးထွက်ဒဏ်ရာရရှိ၊ မေးစေ့ပွန်းပဲ့ဒဏ်ရာရရှိပြီး ပျဉ်းမနားခုတင် (၂၀၀) ပြည်သူ့ဆေးရုံတွင် အတွင်းလူနာအဖြစ် တက်ရောက်ကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ပျဉ်းမနားရဲစခန်းမှ ဒုတိယရဲအုပ်ထွန်းနိုင်မြင့်က (ပ)၃၂၃/၂၀၁၂ ပုဒ်မ ၃၃၈ ဖြင့် အမှုဖွင့်၍ ယာဉ်မောင်းအောင်နိုင်အား စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (၆၈၈)

သတိပြုဆင်ခြင်စရာ မှုခင်းအဖြာဖြာ

လမ်းမတော်မြို့နယ်၌ ပစ္စည်းလု လူသတ် မီးရှို့မှုဖြစ်ပွား

ရန်ကုန် မေ ၃၀

ဓာတ်ဆီလောင်းမီးရှို့လူသတ်မှုဖြစ်စဉ်ဖြစ်ပွားပြီးနောက် သုံးရက်အကြာတွင် ယင်းနှင့်ဖြစ်စဉ်တူသည့် ပစ္စည်းလုလူသတ် မီးရှို့မှုတစ်ခု ရန်ကုန်တိုင်းဒေသကြီးလမ်းမတော်မြို့နယ် လမ်းမတော် (၇) လမ်း၌ ယနေ့(မေ ၃၀ရက်) နံနက် ၁၁ နာရီ ၄၅ မိနစ်ခန့်က ဖြစ်ပွားခဲ့ကြောင်းသိရသည်။**(ဓါပုံ)**

ယခုဖြစ်စဉ်မှာ ပစ္စည်းလုယက်မှုပါဝင်ပြီး ရဲတပ်ဖွဲ့ သုံးသပ်ချက်အရ လုယက်လူသတ်ပြီးမှသာ မီးရှို့ခံရခြင်း ဖြစ်ကြောင်း သိရသည်။

နေအိမ်မီးလောင်နေသည်ကို ပတ်ဝန်းကျင်ရှိလူများက သိရှိပြီး မီးသတ်တပ်ဖွဲ့သို့ အကြောင်းကြားရာမှ ယခုအမှုကို တွေ့ရှိသိရှိရခြင်းဖြစ်ကြောင်း၊သေဆုံးသူမှာ အသက်(၁၆)နှစ် အရွယ် မ.....ဆိုသူ အမျိုးသမီးငယ်ဖြစ်ပြီး အခင်းဖြစ်ပွားချိန်၌ သူမ၏အစ်ကိုမှာ လမ်းမတော်(၁၈)လမ်း၌ ဈေးရောင်းသွားနေချိန်ဖြစ်၍ နေအိမ်၌ တစ်ဦးတည်းရှိနေစဉ် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လုယက်ခံရသည့်ပစ္စည်းများမှာ ရွှေထည်ပစ္စည်း ၁၃ မျိုးဖြစ်၍ တန်ဖိုးကိုတွက်ချက်ဆဲဖြစ်ပြီး တရားခံကို စုံစမ်းလျက်ရှိကြောင်း၊ ယင်းအမှုကို ပ-၁၃၀၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂/၄၃၆/၂၀၁/၃၉၂ တို့ဖြင့် အရေးယူထားကြောင်း သိရသည်။

(သတင်း-သူရိန်၊ဓာတ်ပုံ-ဌေးအောင်)

မီးကြွင်းမီးကျန်မှ မီးလောင်မှုဖြစ်ပွား

မန္တလေး မေ ၃၀

မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ၆၅ လမ်းနှင့် ၆၆ လမ်းကြား မနော်ဟရီလမ်းနှင့် စိန်ပန်းလမ်းကြား တမာလမ်းသွယ်(ခ-၃)ရပ်ကွက် အမှတ်(....)ရှိ မုန့်ဖိုမီးကြွင်းမီးကျန်မှ မီးလောင်ကျွမ်းခဲ့ရာ အိမ်လေးလုံး မီးလောင်ကျွမ်းသည်။ မေ ၃၀ ရက် (ယနေ့)နံနက် ၁၁ နာရီခန့်တွင် အိမ်ရှင်ဒေါ်.....အိမ်မှ မီးစတင်လောင်ကျွမ်းခြင်းဖြစ်ပြီး နံနက် ၁၁ နာရီ မိနစ် ၄၀ တွင် မီးထိန်းနိုင်ခဲ့သည်။ အဆိုပါ မီးလောင်ရာသို့ မီးသတ်ကား ၃၇ စီး၊ မီးသတ်သမား ၂၀၀ ကျော်က သွားရောက်မီးငြိမ်းသတ်ခဲ့ပြီး နံနက် ၁၁နာရီ ၅၅ မိနစ်တွင် မီးငြိမ်းခဲ့သည်။ မီးလောင်ကျွမ်းခြင်းကြောင့် အိမ်ထောင်စု ငါးစု၊ လူ ၁၉ ဦးအိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရကာ ဆုံးရှုံးမှုများဖြစ်ခဲ့သည်။ မီးစတင်လောင်ကျွမ်းသည့် အိမ်ရှင် ....အား (ပ)၁၈၃/၂၀၁၂(ပုဒ်မ ၂၈၅) ဖြင့် အမှတ်(၁၁)ရဲစခန်း၌ အမှုဖွင့်အရေးယူထားသည်။

(၀၀၂)

ယနေ့ ဖတ်စရာ

ဘာလဲဟဲ့ လွှဲစာနှင့် ရဲလက်စွဲပါ သိမှတ်ဖွယ်ရာ

လူ့ဘောင်ဘဝ လူ့လောက၌ ကျင်လည်နေကြရသူများသည် တစ်နေ့နေ့ တစ်ချိန်ချိန်၌ မမျှော်လင့်သော ပဋိပက္ခများ၊ ဝိရောဓိများဖြင့် တွေ့ကြရတတ်ပါသည်။ အချေအတင်ဖြစ်မှုများ၊ အငြင်းပွားမှုများ ဖြစ်ပွားပေါ်ပေါက်လာပါလျှင် ရှေးအစဉ်အလာမြန်မာ့ဓလေ့အတိုင်း ရပ်ထဲရွာထဲ၌ပင် နှစ်ဖက်အငြင်းပွားမှုများကို ညှိနှိုင်းဖြေရှင်းလေ့ရှိကြပါသည်။ ရပ်ကွက်၊ ကျေးရွာအဆင့်တွင် ညှိနှိုင်းဖြေရှင်း၍မရကြသောအခါမှ တရားမမှုဖြစ်ပါလျှင် သက်ဆိုင်ရာတရားရုံးသို့လည်းကောင်း၊ ရာဇဝတ်မှု(ပြစ်မှု)ဖြစ်ပါလျှင် ရဲစခန်းသို့ လည်းကောင်း၊ ရဲအရေးမပိုင်သောအမှုများကို သက်ဆိုင်ရာတရားရုံးတွင် တိုက်ရိုက်လျှောက်ထားစွဲဆို၍ လည်းကောင်း အမှုအခင်းကို ဖြေရှင်းကြရပါသည်။

စတင်၍ပေါ်ပေါက်လာသောပြဿနာမှာ“**လွှဲစာ**”ဖြစ်ပါသည်။ အမှုအခင်းတစ်ခုဖြစ်ပွားရာတွင် မကျေနပ်သူ၊ နစ်နာသူသည် တရားရုံးသို့ဖြစ်စေ၊ ရဲစခန်းသို့ဖြစ်စေ မလွှဲမရှောင်သာ သွားရောက်ကြရတော့မည့်အဆင့်တွင် ဥပဒေပညာ၊ ဥပဒေဗဟုသုတမရှိသလောက် နည်းပါးရှာကြသော ပြည်သူများ၏ အသိတွင် **မိမိနေထိုင်ရာရပ်ကွက်၊ ကျေးရွာမှလူကြီးက“လွှဲစာ” ရေးပေးပါမှ သွားရောက်၍ရသည်ဆိုသော လွဲမှားသည့် အသိ၊ မှားယွင်းသောနားလည်မှုသည်** ယနေ့တိုင်အမြစ်တွယ်လျက်ရှိသည်။

ပြစ်မှုဆိုင်ရာအမှုအခင်းတွင် နစ်နာသူ၊ မကျေနပ်သူက ရဲစခန်းသို့သွားရောက်အမှုဖွင့်ချင်သည်။ ရပ်ကွက်လူကြီးထံမှ လွှဲစာတောင်းသည်။ ချက်ချင်းမပေး။ နေ့ရွှေ့၊ ညရွှေ့နှင့် အချိန်ဆွဲသည်များလည်းရှိသည်။ ဆန့်ကျင်ဘက်အမှုသည်ကို မျက်နှာနာ၍ ချက်ချင်းမပေးဘဲ နေသည်လည်းရှိသည်။ ဟိုအကြောင်း၊ ဒီအကြောင်း ၊ အကြောင်းကြောင်းသော အကြောင်းများကြောင့် တုံ့ဆိုင်းကြန့်ကြာနေတတ်သည်။ လွှဲစာတွင် လက်မှတ်ရေးထိုးပေးမည့် အနီပုဂ္ဂိုလ်ကြီးကိုယ်တိုင်သည်ပင်လျှင် မိမိလက်မှတ်ထိုးပါမှ ရဲစခန်း/တရားရုံးသို့ သွားရောက်၍ ရနိုင်မည်ဟု(ဝိုးတိုးဝါးတားဗဟုသုတဖြင့်) ထင်မှတ်နေသူအချို့လည်းရှိသည်။ ရာအိမ်မှူးလက်မှတ်အရင်ထိုးခိုင်းပြီး ကျေးရွာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးက ထပ်ဆင့်ထောက်ခံလက်မှတ်ထိုးပေးပါမှ“**လွှဲစာပေးပါမှ**” နစ်နာသူပြည်သူအများ ရဲစခန်းသို့လည်းကောင်း၊ တရားရုံးသို့လည်းကောင်း သွားရောက်နိုင်သည်ဟူသော မှားယွင်းနေသော အလွဲများကို သိရှိထားရန်လိုပေသည်။

ကြီးသောအမှုကိုငယ်စေ၊ ငယ်သည့်အမှုကို ပပျောက်စေ၊ ပြည်သူအချင်းချင်းဖြစ်ပွားကြသည့် အငြင်းပွားမှုများ၊ အမှုအခင်းများကို တတ်နိုင်သမျှညှိနှိုင်းခြင်းဖြင့် ကျေအေးပြီးပြတ်စေသော မြန်မာတို့၏ ရှေးကပင် ခံယူကျင့်သုံးသောထုံးဓလေ့မှာမူ အလွန်ကောင်းမွန်ပါသည်။ ထိုသို့ **အခြေခံအဆင့်တွင် ဖြေရှင်းမရခဲ့ပါလျှင် သက်ဆိုင်ရာဌာနများသို့ တင်ပြတိုင်ကြားရန် မည်သည့်လွှဲစာမျှ မလိုအပ်ပါကြောင်း အတိအလင်းတင်ပြလိုပါသည်။**

ပြစ်မှုဆိုင်ရာအမှုနှင့် တရားမမှုဟူ၍ နှစ်မျိုးရှိပါသည်။ ဆဲဆိုမှု၊ ကျော်နင်းမှု၊ ရိုက်နှက်မှု၊ လူသတ်မှု၊ ခါးပြမှု၊ မုဒိန်းမှု......စသည်စသည်တို့သည် ပြစ်မှုဆိုင်ရာအမှုများဖြစ်ပါသည်။ နစ်နာသူအနေဖြင့် သက်ဆိုင်ရာရဲစခန်းတွင် တိုင်ချက်ဖွင့်၍ စွဲဆိုလိုက်ရုံသာဖြစ်ပါသည်။ ဆိုလိုသည်မှာ ရဲအရေးပိုင်သောအမှု အားလုံးကို ရဲစခန်းတွင် အမှုဖွင့်တိုင်ကြားစွဲဆိုနိုင်ကြပါသည်။ ရဲစခန်းက အမှုမဖွင့်ပေးလျှင် အလွန်အပြစ်ကြီးပါသည်။ အမှုဖွင့်ရန် မည်သည့်လွှဲစာမျှမလိုပါ။**(ရဲလက်စွဲ-ဒုတိယတွဲ-စာမျက်နှာ၁၈၆၊ အပိုဒ်-၁၄၁၄ အောက်ခြေမှတ်စု)**

ချေးငွေပြန်ရလိုမှု၊ အိမ်ငှားကိုနှင်လိုမှု၊ အမွေပုံစံစီမံခန့်ခွဲပေးစေလိုမှု၊ နစ်နာကြေးရလိုမှုစသည့်...အမှုများသည် ရဲစခန်းနှင့်မသက်ဆိုင်ပါ။ နိုင်ငံတော်က သတ်မှတ်သော ရုံးခွန်တော်ကိုထမ်းဆောင်၍ သတ်မှတ်ထားသော အဆင့်အလိုက်တရားရုံးအဆင့်ဆင့်တွင် တရားမကြီးမှုများစွဲဆိုကြရမည်ဖြစ်ပါသည်။ တရားစွဲဆိုရန်လွှဲစာမလိုပါ။ တရားမမှုဖြစ်၍ တတ်ကျွမ်းနားလည်သော ရှေ့နေနှင့်တိုင်ပင်အပ်နှံ၍ စွဲဆိုရန်သာဖြစ်ပါသည်။

ယနေ့ပြည်သူအများ ကြုံတွေ့ခံစားနေကြရသော ပြဿနာမှာ မသေးလှပါ။ ရဲအရေးပိုင်ပါလျက် ရဲစခန်းက အမှုမဖွင့်ပေးဘဲ (က-ခ) ပုံစံဖြင့် တရားရုံးဦးတိုက်လျှောက်ရန် လွှဲပေးနေမှုများ တွေ့မြင်နေရပါသည်။ ရဲအရေးမပိုင်သော ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ (၄၉၇) မယားခိုးမှုမျိုးကို မဆိုလိုပါ။ ရဲအရေးပိုင်ပါလျက် အမှုမဖွင့်ပေးသောအခါ တရားရုံးတွင် နစ်နာသူက လျှောက်လွှာစာရေးထံ၌ စွဲဆိုလွှာပြန်ရိုက်ကြရပြန်ပါသည်။ တရားသူကြီး ရုံးတော်ရှေ့တွင် လျှောက်ထားစွဲဆိုသူက ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ (၂၀၀)ဖြင့် ကနဦးအစစ်ခံရပါသည်။ တရားသူကြီးက လျှောက်ထားချက်အပေါ်မူတည်၍ သင့်တော်သောပုဒ်မတပ်၍ အမှုကိုလက်ခံစစ်ဆေးလျှင် တော်ပါသေးသည်။ ထိုသို့မဟုတ်ဘဲ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ (၂၀၂)အရ စွဲဆိုလွှာကို စုံစမ်းစစ်ဆေး တင်ပြစေရန် ညွှန်ကြား၍ စွဲဆိုလွှာကို ရဲစခန်းသို့ ပြန်ပို့ခဲ့ပါလျှင် အမှုသည်ရွာလည်တော့၏။ တရားရုံးသို့၊ ရဲစခန်းသို့ တစ်နေကုန်ခရီး၊ ခြေကျင်လာရသော ကျေးလက်နေလယ်သမားကြီးအဖို့ အမှန်တကယ်ရွာလည်ပါတော့၏။ ရုံးချိန်းတိုင်းလာရ၏။ ရဲစခန်းတွင် ပထမသတင်းပေးတိုင်ချက်နံပါတ်တစ်ခု၊ မတိုးသည်မှအပ တရားရုံးအမှုနံပါတ်ဖြင့် ရဲစခန်းသို့ပြန်လည်စုံစမ်းခိုင်းသော အမှုများ၏ အရေအတွက်ကို စနစ်တကျ စိစစ်လျှင် အမှုသည်များဒုက္ခကို တွေ့မြင်ရမည်ဖြစ်ပါသည်။ ကနဦးကပင် အမှုဖွင့်ပေးနိုင်ပါလျက် ဘာကြောင့်အမှုမဖွင့်ပေးကြပါသနည်း။

ရဲလက်စွဲ ဒုတိယတွဲ စာမျက်နှာ (၁၈၆) စာပိုဒ် (၁၄၁၄)တွင် “ရဲအရေးယူပိုင်သော ပြစ်မှုဖြစ်ပွားကြောင်း သတင်းရရှိသည့်အခါ နှောင့်နှေးခြင်းမရှိဘဲ တိုင်ချက်ဖွင့်ရန် အရေးကြီးသည်။ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ(၁၅၄)တွင် ပြဋ္ဌာန်းထားချက်များအရ ချက်ချင်းတိုင်ချက်ရေးဖွင့်ရမည်”

မှတ်ချက်။ ရဲအရေးယူပိုင်သည့် ပြစ်မှုကျူးလွန်ကြောင်း ပထမသတင်းပေးချက်ကို နှုတ်ဖြင့်ဖြစ်စေ၊ စာဖြင့် ဖြစ်စေ၊ စကားပြောစက်၊ ကြိုးမဲ့ကြေးနန်းဖြင့်ဖြစ်စေ ပေးပါလျက် လက်ခံရေးမှတ်ယူခြင်း မပြုခဲ့သော် .... အမြဲတမ်းထုတ်ပယ်ခြင်းခံရမည့်အပြင် ရာဇသတ်ကြီးပုဒ်မ (၁၇၇) (၂၁၈)တို့ဖြင့် တရားစွဲဆိုခြင်းခံရမည်ဖြစ်ကြောင်း ရဲတပ်ဖွဲ့ဝင်တိုင်း လိုက်နာရန် ပြဋ္ဌာန်းချက်ရှိပါသည်။

မိဘပြည်သူများခင်ဗျား.... အမှုအခင်းဖြစ်၍ ရဲစခန်းသို့ သွားရောက်ကြပါလျှင် ရပ်ကွက်ကျေးရွာလူကြီးထံမှ လွှဲစာမလိုအပ်ပါကြောင်းနှင့် ရဲစခန်းက ရဲအရေးပိုင်ပါလျှင် “မကူညီပါက” အထက်ပါရဲလက်စွဲပါ စာသားများကို အသုံးပြုနိုင်ကြပါကြောင်း အသိပေးတင်ပြလိုက်ပါသည်။

စိန်လှိုင်ဗိုလ်

မော်တော်ဆိုင်ကယ်များ အခွန်ဆောင်၍ ယာဉ်မှတ်ပုံတင်ပြုလုပ်ပေးရေး ညှိနှိုင်း စီမံချက်ကာလကို ဇွန် ၅ ရက်မှ အောက်တိုဘာ ၄ ရက်အထိ လေးလ ဆောင်ရွက်ပေးသွားမည်

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း မော်တော်ဆိုင်ကယ်များအား အခွန်အခပေးဆောင်၍ ယာဉ်မှတ်ပုံတင် ပြုလုပ်ပေးရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

နေပြည်တော် မေ ၂၀

မော်တော်ဆိုင်ကယ်လိုင်စင်ပြုလုပ်ရေးစီမံချက်များကို ၁၉၉၉ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ (၇)ကြိမ်ပြုလုပ်ခဲ့ရာတွင် မော်တော်ဆိုင်ကယ်စီးရေ ၁၅၈၇၂၉၂ စီးကို တရားဝင်ဖြစ်အောင် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ယနေ့အချိန်အခါတွင် နိုင်ငံအတွင်းသို့ နယ်စပ်ဒေသ စစ်ဆေးရေးဂိတ်များနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများအား ရှောင်လွှဲပြီး တရားမဝင် ဝင်ရောက်နေသော မော်တော်ဆိုင်ကယ်များ၏ စာရင်းကောက်ခံရရှိမှုအရ ၂၀၁၂ ခုနှစ် ဇန်နဝါရီလအထိ ၁၉၅၈၁၂ စီးရှိကြောင်း သိရှိရပြီး အမှန်တကယ် ပြင်ပတွင် ရှိသည့်အစီးအရေအတွက်မှာ ကောက်ခံရရှိစာရင်းထက် ပိုမိုများပြားလာနိုင်သည့်အပြင် ပြည်သူများအနေဖြင့်လည်း အခွန်အခများ ပေးဆောင်ပြီး တရားဝင် ယာဉ်မှတ်ပုံတင် ပြုလုပ်ပေးခြင်းကို လိုလားလျက်ရှိကြောင်း၊ စည်းကမ်းဥပဒေနှင့်အညီ ဖြစ်လာစေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၏ တင်ပြချက်အပေါ် ပြည်ထောင်စုအစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် မော်တော်ဆိုင်ကယ် လိုင်စင်ပြုလုပ်ရေးစီမံချက်ကို စီစဉ်ဆောင်ရွက်ရခြင်းဖြစ်ကြောင်းဖြင့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက **စာမျက်နှာ ၈ ကော်လံ ၃ သို့**☆

နိုင်ငံသားတိုင်း ကျန်းမာရေးစောင့်ရှောက်မှုများ လက်လှမ်းမီရေးအတွက် ကျန်းမာရေးအသုံးစရိတ်များ စနစ်တကျခွဲဝေသုံးစွဲရေး ဆောင်ရွက်လျက်ရှိ

နေပြည်တော် မေ ၂၀

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်သည် မေ ၂၁ ရက်မှ ၂၆ ရက်အထိ ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ ကျင်းပသည့် (၆၅)ကြိမ်မြောက် ကမ္ဘာ့ကျန်းမာရေးညီလာခံသို့ တက်ရောက်ခဲ့သည်။

ညီလာခံသို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဝင်နိုင်ငံများမှ ကျန်းမာရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ကုလသမဂ္ဂဆိုင်ရာ အမြဲတမ်းကိုယ်စားလှယ်များ၊ အဆင့်မြင့်အရာရှိကြီးများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ညီလာခံပထမနေ့ကို မေ ၂၁ ရက်တွင် စတင်ကျင်းပရာ ညီလာခံသဘာပတိ Cote d' Ivoire နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး H.E. Professor Therese Aya N' Dri-Yoman နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် Dr. Margaret Chan တို့က အမှာစကား ပြောကြားကြသည်။

ညီလာခံ ဒုတိယနေ့ နံနက်ပိုင်း၌ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က မိန့်ခွန်းပြောကြားရာတွင် အရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှုများ လူသားတိုင်း လက်လှမ်းမီစေရေးနှင့် ပတ်သက်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ ကာကွယ်ကုသမှုနှင့် ကျန်းမာရေး ပညာပေးခြင်းလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ခြင်းသည် မြန်မာနိုင်ငံ၏ လူမှုစီးပွားရေး **စာမျက်နှာ ၈ ကော်လံ ၁ သို့**❖

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ ကျင်းပသည့် (၆၅)ကြိမ်မြောက် ကမ္ဘာ့ကျန်းမာရေးညီလာခံသို့ တက်ရောက်စဉ်။

(သတင်းစဉ်)

ယနေ့သတင်းအညွှန်း

အာဆီယံ အစားအသောက်နှင့် အဖျော်ယမကာ ပြိုင်ပွဲ ၂၀၁၂ တိုကျို၌ ကျင်းပ
ပြည်တွင်းသတင်း စာမျက်နှာ - ၂

မန္တလေးဆိုင်ကယ်ဈေးကွက် ကုန်သွယ်ခွန် လျှော့၍ ဈေးနှုန်းများ ကျဆင်း
ပြည်တွင်းသတင်း စာမျက်နှာ - ၇

အီရတ်တွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ကွက်သစ်များ လေလံတင်ပွဲ ကျင်းပ
နိုင်ငံတကာသတင်း စာမျက်နှာ - ၄

မန်ယူနှင့် ကာဂါဝါ သဘောတူညီချက် ရရှိရန် နီးစပ်လာ
နိုင်ငံတကာအားကစားသတင်း စာမျက်နှာ - ၈

ကြော်ငြာအချပ်ပိုပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ကြော်ငြာအချပ်ပိုလေးမျက်နှာ ပါရှိပါသည်။

လင်းပိုင်ငါးများနှင့် ဆက်သွယ်နိုင်ရေး ဂျပန်သုတေသီများ ကိရိယာတီထွင်

တိုကျို မေ ၂၀

ဘာသာပြန် - ရေမောင်

လင်းပိုင်ငါးများနှင့် ဆက်သွယ်ပြောဆိုနိုင်မည့် ကိရိယာတစ်မျိုးကို ဂျပန်သိပ္ပံပညာရှင်များက တီထွင်ထုတ်လုပ်လျက်ရှိကြောင်း သတင်းဌာနများက မေ ၂၈ ရက်တွင် သတင်းထုတ်ပြန်သည်။

အခြားသော ရေနေသတ္တဝါများနှင့်နှိုင်းယှဉ်လျှင် ထူးထူးခြားခြား အသိဉာဏ်ရှိသော နို့တိုက်သတ္တဝါတစ်မျိုးဖြစ်သည့် လင်းပိုင်ငါးများသည် အသံလှိုင်းငယ်များကိုပင် ကြားသိနိုင်သော စွမ်းရည်ရှိကြသည်။

လင်းပိုင်ငါးများသည် ကီလိုဟက်ဇ် ၂၀ အောက် ကြိမ်နှုန်းနိမ့်သောအသံများကို ထုတ်လုပ်နိုင်သကဲ့သို့ ကီလိုဟက်ဇ် ၁၅၀ ကျော်ရှိ ကြိမ်နှုန်းမြင့်သော အသံများကိုလည်း ထုတ်လုပ်နိုင်စွမ်းရှိကြောင်း၊ လူသားတို့ ကြားနိုင်စွမ်းမရှိသော အသံများကိုပင် လင်းပိုင်ငါးများ ထုတ်လုပ်နိုင်ကြောင်း တိုကျိုတက္ကသိုလ် အဏ္ဏဝါသိပ္ပံနှင့် နည်းပညာဌာနမှ သုတေသနအဖွဲ့ ခေါင်းဆောင် ယူကာမစ်ရှိမာက ပြောကြားသည်။

ဂျပန်သိပ္ပံပညာရှင်များသည် လင်းပိုင်ငါးများက ထုတ်လုပ်သော အသံများကို မှတ်တမ်းတင်ကာ ယင်းသတ္တဝါ၏ သောတအာရုံစွမ်းရည်များကို လေ့လာခဲ့ကြသည်။

စာမျက်နှာ ၈ ကော်လံ ၃ သို့◆

ဂျပန်ပင်လယ်ကမ်းရိုးတန်း ကမ်းလွန်၌ ကျက်စားသော လင်းပိုင်ငါးတစ်ကောင်ကို တွေ့ရစဉ်။